**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟု သိသည့် အယူမှန်ရှိကြသောသူတို့သည် သီလ စသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

**ဓမ္မပဒ**


# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၇၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်၊ သောကြာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မလေးရှားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Dato’ Seri Utama Haji Mohamad Bin Haji Hasan အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Tan Sri Othman Hashim နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၇ ကော်လံ ၂ ☆**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မလေးရှားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Dato’ Seri Utama Haji Mohamad Bin Haji Hasan အား လက်ခံတွေ့ဆုံစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်)

# ရေထိပန်းလိုလန်းဆန်းကြလေပြီ

လူတိုင်းသည် လူမှုစီးပွားဘဝများဆောင်ရွက်လျက်ရှိရာတွင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာဖြင့်ဆောင်ရွက်လိုကြသည်။ လူသားတို့ဘဝတွင်စိတ်ချမ်းသာမှုသည်အဓိကဖြစ်သည်။ စိတ်ချမ်းသာစွာနေထိုင်နိုင်ရေးကို လူတိုင်းလိုလားသည်။ ထို့အတူမိမိတို့သားသမီးများအား စိတ်ချမ်းသာစွာပညာသင်ကြားနေရခြင်းကိုလိုလားသည်။ မိဘတိုင်းကသားသမီးတိုင်းအားမပျက်မကွက်ပေးရမည့်အမွေမှာ ပညာအမွေဖြစ်သည်။ သားသမီးများကို ပညာတတ်များဖြစ်စေပြီး မိသားစုအတွက်၊ နိုင်ငံအတွက် အဖိုးတန်သောသားကောင်း၊ သမီးကောင်းများ အဖြစ်မြင်တွေ့လိုကြသည်။ တရားဥပဒေစိုးမိုး၍ စိတ်ချမ်းသာစွာနှင့်နေထိုင်ရသောဘဝကိုလိုလားသည်။

တိုင်းရင်းသားအမည်ခံထားသောအကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူ TNLA အဖွဲ့သည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိမြို့ရွာအချို့အား ခေတ္တထိန်းသိမ်းထားခဲ့စဉ်အတွင်း ဒေသခံပြည်သူလူထုများအား တရားဥပဒေမဲ့ သတ်ဖြတ်ခြင်း၊ အနိုင်ကျင့်ခြင်း၊ ပြည်သူလူထုပိုင်ဆိုင်သည့် စည်းစိမ်ဥစ္စာများအားအတင်းအဓမ္မလုယက်ယူငင်ခြင်း၊ လူငယ်လူရွယ်များအား နိုင်ထက်စီးနင်းဖမ်းဆီးကာလူသစ်စုဆောင်းခြင်းတို့ဖြင့် တရားဥပဒေမဲ့လုပ်ဆောင်ခဲ့သည်။ ထို့ပြင်တိုင်းရင်းသားအချင်းချင်း လူမျိုးရေးခွဲခြားမှုဖြင့် ဖိနှိပ်ဆက်ဆံခဲ့သည်။ အကြမ်းဖက်သောင်းကျန်းသူ TNLA အဖွဲ့က ယုတ်မာရိုင်းစိုင်းစွာ၊ အသိတရားကင်းမဲ့စွာဖြင့် ရုံး/ဌာန အဆောက်အအုံများ၊ လူနေအိမ်များ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများကိုမီးရှို့ဖျက်ဆီးခဲ့သည်။ အဆိုးဆုံးသောလုပ်ရပ်မှာ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ခွင့်မရရှိခြင်းဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူတို့ မြို့ရွာများကိုကျူးကျော်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ၏ ပိုင်ဆိုင်မှုများကြေခဲ့ရသည်၊ သွေးသားရင်းချာများ သေခဲ့ရသည်၊ စိတ်ဓာတ်များလေခဲ့ရသည်၊ ဒေသ၏စည်ပင်ထွန်းကားမှုများကြွေခဲ့ရသည်။ အကြမ်းဖက်သောင်းကျန်းသူတို့သည် လူမျိုးရေးကိုဗန်းပြကာ ကိုယ့်ကိုယ်ကျိုးရှာခဲ့ကြသည်။ ပြည်သူ့ပစ္စည်းသူတို့ပစ္စည်း၊ ပြည်သူ့ပိုင်ဆိုင်မှု သူတို့ပိုင်ဆိုင်မှု၊ ပြည်သူ့မျက်ရည် သူတို့ပီတိဟူ၍ အဆင့်အတန်းနိမ့်ကျစွာ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။ အကြမ်းဖက်သောင်းကျန်းသူတို့နှင့် ဆန့်ကျင်ဘက်လုပ်ရပ်များကိုဆောင်ရွက်သူမှာတပ်မတော်ပင်ဖြစ်သည်။

တပ်မတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကိုအစဉ်ဦးထိပ်ထားသည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအစဉ်ရှေးရှုဆောင်ရွက်လျက်ရှိသည်။ တပ်မတော်အနေဖြင့် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲပေးထားမှုအပေါ်အခွင့်ကောင်းယူကာ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် မြို့ရွာများကိုခေတ္တထိန်းချုပ်ထားခဲ့သည်။ တပ်မတော်အနေဖြင့် လွန်စွာဆိုးရွားလာသောအကြမ်းဖက်သောင်းကျန်းသူများယာယီထိန်းချုပ်ထားသည့်နေရာများအား အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးဖြင့် ပြန်လည်ဆောင်ရွက်သည့်အခါ မြို့ရွာများ၊ လမ်းကြောင်းများမှာ တပ်မတော်၏လက်တွင်းသို့ပြန်လည်ရောက်ရှိနေကြရပြီဖြစ်သည်။

၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် နောင်ချိုမြို့နယ်အားလည်းကောင်း၊ အောက်တိုဘာလ ၁ ရက်တွင် ကျောက်မဲမြို့နယ်အားလည်းကောင်း တပ်မတော်ကပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ကျောက်မဲမြို့အားပြန်လည်ထိန်းချုပ်နိုင်သည့်အတွက် ကျောက်မဲ-နောင်ချို-ပြင်ဦးလွင် ပြည်ထောင်စုကားလမ်းပိုင်းတွင် ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်းသွားလာနေကြရပြီဖြစ်သည်။ တပ်မတော်က ကျောက်မဲမြို့ကို ပြန်လည်ထိန်းချုပ်ပြီးနောက်တွင် ဘေးလွတ်ရာသို့ ခေတ္တခဏတိမ်းရှောင်နေခဲ့ကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများသည် မိမိတို့နေထိုင်ရာဒေသများဆီသို့ ဝမ်းမြောက်ဝမ်းသာပြန်လာနေပြီဖြစ်သည်။ တပ်မတော်သားတို့က ကျောက်မဲမြို့အတွင်းဝင်ရောက်လာရာတွင် ဒေသခံပြည်သူတို့ကအားရဝမ်းသာကြိုဆိုကြပြီး ၎င်းတို့ဘဝသာယာအေးချမ်းစွာနေထိုင်ရမည်ဖြစ်၍ပျော်ရွှင်နေကြသည်။ ဝမ်းသာလွန်း၍မျက်ရည်ကျနေသည့်မြင်ကွင်းများကိုလည်း မြင်တွေ့ကြရသည်။ ပြည်သူတို့ဆန္ဒပြည့်ဝကြပြီဖြစ်သည်။

ဒေသခံပြည်သူများတွင်အပျော်ဆုံးသူများမှာ ကျောင်းသားမိဘများဖြစ်သည်။ ကျောက်မဲမြို့အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းစတင်ဖွင့်လှစ်ပေးသည့်အတွက် ကျောင်းသား၊ ကျောင်းသူများစတင်၍ စိတ်အေးချမ်းသာစွာပညာသင်ကြားနေကြပြီဖြစ်သည်။ ကျောင်းအပ်နှံခြင်းများကိုလည်းဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ အောက်တိုဘာလ ၈ ရက်အထိကျောင်းသား၊ ကျောင်းသူ ၁၀၄၂ ဦးကျောင်းတက်နေကြပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများ အခမဲ့ထောက်ပံ့ပေးနေသည့်အပြင် ထောက်ပံ့ရေးပစ္စည်းများကိုလည်း ပေးအပ်လျက်ရှိသည်။

ကျောက်မဲရှိပြည်သူများသည် နောင်ချိုရှိပြည်သူများကဲ့သို့ စိတ်အေးချမ်းသာစွာဖြင့် လူမှုစီးပွားဘဝကို ဖြတ်သန်းနိုင်ကြပြီဖြစ်သည်။ တပ်မတော်က နောင်ချိုကိုပြန်လည်ထိန်းချုပ်နိုင်ပြီဆိုကတည်းက ကျောက်မဲရှိပြည်သူများက တပ်မတော်ကိုကြိုဆိုမျှော်ခဲ့ကြသည်။ တပ်မတော်စစ်ကြောင်းများက ကျောက်မဲကိုထိန်းချုပ်ပြီး ဝင်ရောက်လာသည့်အခါ ပြည်သူများက ဝမ်းသာကြည်နူးပျော်ရွှင်စွာကခုန်ကြိုဆိုခဲ့ကြသည်။ အကြမ်းဖက်သောင်းကျန်းသူအောက်တွင် မိမိအသက်ဘယ်နေ့သေမလဲဟူသော စိုးရိမ်ထိတ်လန့်ပူပန်မှုများမှာ ယခုအခါကွယ်ပျောက်သွားခဲ့ပြီဖြစ်သည်။ ယခင်ကတပ်မတော်ကို အမြင်မကြည်လင်သူများသည်ပင်လျှင် အဖြူနှင့်အမည်းသဲကွဲကာ သူတို့၏အမှားကို အမှားမှန်းသိနေကြပြီဖြစ်သည်။ ပြည်သူများကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာခြင်းနှင့်အတူ အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများလည်း ဆောင်ရွက်ပေးနေပြီဖြစ်သည်။ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ယခင်ကကဲ့သို့ ပြန်လည်ဆောင်ရွက်နေပြီဖြစ်သည်။ တပ်မတော်သည်ပြည်သူတို့၏ လူမှုစီးပွားဘဝစိတ်ချလုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မြေမြှုပ်မိုင်းများရှင်းလင်းလျက်ရှိသည်။ အနှစ်ချုပ်ဆိုရသော် ပြည်သူ့အကျိုးစီးပွားကို ဦးထိပ်ထားသော တပ်မတော်ကြောင့် ကျောက်မဲမြို့မှပြည်သူတို့သည် ရေထိပန်းလိုလန်းဆန်းကြလေပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန်**

**၇၉ ရက်**

**သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

❖ ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေး နည်းဥပဒေ ၂၆(၂)နှင့်နည်းဥပဒေ ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ(၁၀) သို့မဟုတ် (၉၀/၁/နသေ)နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကိုပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က)ဖြင့် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊

❖ ယင်းသို့ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ(၄-ခ)ကို ယင်းရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)နှင့်ပုံစံ(၄-ခ)တို့ပူးတွဲ၍ တောင်းဆိုလွှာပုံစံ (၃)ကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက်နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ။

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက်ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့်တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄) ဖြင့်ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်။

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ပွားတော်များ ရတနာစံကျောင်းတော်သို့ ပြန်လည်ကြွဝင်တော်မူသည့် အခမ်းအနားကျင်းပ



အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ပွားတော်များ ရတနာစံကျောင်းတော်သို့ ပြန်လည်ကြွဝင်တော်မူစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် တာဝန်ရှိသူများက အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ပွားတော်များအား ရတနာစံကျောင်းတော်သို့ အသီးသီးပင့်ဆောင်ပူဇော်ကြစဉ်။



အင်းသားရိုးရာလှေပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် အင်းသားရိုးရာလှေပြိုင်ပွဲတွင် ဆုရရှိသည့် လှေလှော်အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် အောက်တိုဘာ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ သာလေးကျေးရွာအုပ်စု၊ နမ့်ဟူးကျေးရွာ ဖောင်တော်ဦးရုပ်ရှင်တော်မြတ်စွာဘုရားရုပ်ပွားတော်များ ၂၁ ဌာနသို့ လှည့်လည်အပူဇော်ခံပြီး ရတနာစံကျောင်းတော်သို့ ပြန်လည်ကြွဝင်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ၊ ညောင်ရွှေမြို့နယ်၊ မိုင်းသောက် ပထမပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မိုင်းသောက်ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ဖူးမြော်ကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကရဝိက်ဖောင်တော်ဖြင့် ပင့်ဆောင်ရောက်ရှိလာသည့် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရား ရုပ်ပွားတော်များအား ရတနာစံကျောင်းတော်သို့ အသီးသီးပင့်ဆောင်ပူဇော်ကာ ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ခဲ့ကြသည်။

ထို့နောက် နမ့်ဟူးကျောင်းတော်၌ အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်သြဝါဒါစရိယ၊ ညောင်ရွှေမြို့နယ်၊ မိုင်းသောက် ပထမပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အင်းသားရိုးရာလှေပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြပြီး အင်းသားရိုးရာလှေပြိုင်ပွဲ ဆုချီးမြှင့်ခြင်းကို ဆက်လက်ပြုလုပ်ရာ ဆွမ်းပို့လှေဂုဏ်ပြုဆု၊ လှေယဉ်ဂုဏ်ပြုဆုနှင့် တစ်ဦးချင်းလှေလှော်ပြိုင်ပွဲ၊ ကျောင်းသား (၂၆)တက်၊ အမျိုးသမီး (၂၆)တက်၊ အမျိုးသား (၄၆)တက်၊ အမျိုးသားရာကျော်လှေပြိုင်ပွဲများတွင် ဆုရရှိသည့်လှေလှော်အသင်းများအား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အသီးသီးဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၄)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကျင်းပ



ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်တက်လွင်ထွန်းက မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၄)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၉

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ (၄)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ကမ်းခြေစောင့်တပ်ဖွဲ့ စစ်ရေးပြကွင်း၌ ကျင်းပရာ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်တက်လွင်ထွန်း၊ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားအား အစီအစဉ်အတိုင်းကျင်းပပြုလုပ်ရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားအပေါင်းအား အလေးပြုပြီး သစ္စာလေးချက်ရွတ်ဆိုခြင်းများ ဆောင်ရွက်သည်။

ထို့နောက် ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်တက်လွင်ထွန်းက မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၄)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် (၄)နှစ်မြောက် ကမ်းခြေစောင့်တပ်ဖွဲ့ တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် ယာယီခန်းမဆောင်တွင်ကျင်းပရာ ၂၀၂၄ - ၂၀၂၅ ခုနှစ် တစ်နှစ်တာကာလအတွင်း ကမ်းခြေစောင့်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ၊ တစ်နှစ်တာကာလအတွင်း အကောင်းဆုံးလိုင်းဆုနှင့် လိုင်းခန်းဆုများရရှိသော တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"ကျွန်ုပ်သည် လူအများချီးမွမ်းခြင်း၊ ထင်ပေါ်ကျော်စောခြင်း အစရှိသောအရာမျိုးကို လုံးဝမလိုလားသူတစ်ယောက်ဟူ၍ မပြောဝံ့စေကာမူ ချီးမွမ်းခံလိုသောရည်ရွယ်ချက်ဖြင့် မလျှပ်တိုင်တက်ပြသော လူစားမျိုးမဟုတ်ကြောင်းကိုမူ ကျွန်ုပ်၏မှတ်တမ်းကိုဖတ်ရှုလာခဲ့ကြသည့် မိတ်ဆွေအများတို့ နားလည်လောက်ကြသည်ဟု မျှော်လင့်ပါသည်. . ."

**ယမန်နေ့မှအဆက်**

ကျွန်ုပ်၏ စဉ်းစားဉာဏ်တစ်ဝက်မျှမရှိသောလူများသည် ကျွန်ုပ်ထက် နှစ်ဆမက အောင်မြင်လျက်ရှိခြင်းကို တွေ့ရ၏။ စဉ်းစားရသောအလုပ်မျိုးသည် ကိုယ့်ဘာသာကိုယ်လုပ်ယူရသော အလုပ်မျိုးဖြစ်သောကြောင့် မှန်ကန်အောင် စဉ်းစားတတ်ပါ၏။ လူအများနှင့် မဆိုထားဘိ နှစ်ယောက်တွဲ၊ သုံးယောက်တွဲဦးစီးဆောင်ရွက်ရမည့်အလုပ်မျိုးကိုမူ ကျွန်ုပ် ဘာမျှဖြစ်အောင် မလုပ်တတ်၊ လုပ်တတ်အောင်ပင် မကြိုးစားချင်ပါ။ ဤသည်မှာ ကျွန်ုပ်၏ ဝါသနာဖြစ်နေသဖြင့် လက်လျှော့ထားပြီးပါပြီ။ ကျွန်ုပ်စဉ်းစားမိသည်မှာ လူအများတစ်တွေ တတ်နေကြသော အလုပ်မျိုးကို ကျွန်ုပ်မတတ်သည့်အတွက်ကြောင့် လူအများမလုပ်ချင်သည့် စဉ်းစားခြင်းအလုပ်မျိုးတွင် ခွန်အားကောင်းလျက်ရှိလေသလောဟု ကြံဆမိသည်။ သို့ရာတွင် နှစ်ဖက်စလုံးချွန်သောလူများလည်း ရှိကြပါသည်။ မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်အဖို့မူ လူမှုဆက်ဆံရေးအလုပ်ဟူသမျှကို လက်လျှော့ပြီး တစ်ကိုယ်တည်းစဉ်းစား၍ရေးခြင်း၊ တစ်ကိုယ်တည်း အားထုတ်ခြင်းစသော အလုပ်မျိုးနှင့်သာ တစ်သက်ပတ်လုံးနေပါတော့မည်ဟု ဆုံးဖြတ်ပြီးဖြစ်ပါသည်။

**မေတ္တာတရား၏အကျိုးအာနိသင်**

ကျွန်ုပ်၏ တစ်သက်တာမှတ်တမ်းကို ဖတ်ရှုကြသည့်ပရိသတ်နှင့် ကျွန်ုပ်တို့ ကွဲကွာလျက်ရှိခဲ့သည်မှာ လေးလခန့်မျှရှိခဲ့လေပြီ။ ဤမှတ်တမ်းကို ယခုတစ်ဖန် ပြန်လည်ဆက်လက်ရေးသားဖော်ပြရာတွင် ဆိုဗီယက်ယူနီယံသို့ ကျွန်ုပ်သွားရောက်ခဲ့ခြင်းကိုသိရှိကြသော မိတ်ဆွေများက ယင်းအကြောင်းကို ရှေးဦးစွာ သိလိုကြလိမ့်မည်ဟု ထင်မိသည်တစ်ကြောင်း၊ ကျွန်ုပ်ကိုယ်တိုင်ကလည်း အဖြစ်အပျက်များကို မှတ်မိခြင်းအရာတွင် (အသက်ကြီးပြင်းလာမှုကြောင့်) ရှေးယခင်ကကဲ့သို့ မဟုတ်တော့ဘဲ အနည်းငယ်ဆုတ်ယုတ်ခြင်းရှိလာသည်ကိုတွေ့ရ၍ ဆိုဗီယက်ယူနီယံ၌ ကြုံခဲ့ရသောအခြင်းအရာများကို ပူပူနွေးနွေးရေးသားဖော်ပြပါမှ တိကျစုံလင်လိမ့်မည်ဟုယူဆသည် တစ်ကြောင်းကြောင့် ယခင်ကဖော်ပြလာခဲ့သည့် အကြောင်းအရာများကို ခေတ္တဖြတ်ထားပြီး နောက်ဆုံးတွေ့ကြုံခဲ့ရသည့် ဆိုဗီယက်ကိုယ်တွေ့အခြင်းအရာများကို ရှေးဦးစွာ တင်ပြလိုက်ခြင်း ဖြစ်ပါသည်။ ယင်းသို့ တင်ပြရာတွင်လည်း တရုတ်ပြည်သွားမှတ်တမ်းကို ရေးသားစဉ်ကကဲ့သို့ ကိုယ်တွေ့အဖြစ်အပျက်များကို အစီအစဉ်အတိုင်းမဖော်ပြဘဲ(အစီအစဉ်ကိုမူ တခြားတစ်နေရာတွင် အလျဉ်းသင့်သလို ရေးသားတင်ပြကောင်း တင်ပြပါဦးမည်။) ကျွန်ုပ်၏ မေတ္တာကမ္မဋ္ဌာန်း (ဝါ) မေတ္တာတရားပွားများခြင်းနှင့်ပတ်သက်၍ တအံ့တသြအောင်မြင်ခဲ့ပုံအကြောင်းအရာ သက်သက်ကိုသာ ဤနေရာ၌ ထုတ်နုတ်ဖော်ပြရန် ကြံရွယ်ချက်ရှိပါသည်။

**ရှင်းလင်းချက်**

မေတ္တာတရားပွားများမှုနှင့်ပတ်သက်၍ ကျွန်ုပ်၏အောင်မြင်မှုများကို ဖတ်ရှုရသောပရိသတ်က ကျွန်ုပ်အား "ကိုယ်ရည်သွေးသည်"ဟု စွပ်စွဲချင်စဖွယ် အကြောင်းအရာများလည်း ပါရှိသည်ဖြစ်သောကြောင့် ကြိုတင်၍ အနည်းငယ် ရှင်းလင်းဖော်ပြလိုပါသေးသည်။ ကျွန်ုပ်သည် လူအများချီးမွမ်းခြင်း၊ ထင်ပေါ်ကျော်စောခြင်း အစရှိသောအရာမျိုးကို လုံးဝမလိုလားသူတစ်ယောက်ဟူ၍ မပြောဝံ့စေကာမူ ချီးမွမ်းခံလိုသောရည်ရွယ်ချက်ဖြင့် မလျှပ်တိုင်တက်ပြသော လူစားမျိုးမဟုတ်ကြောင်းကိုမူ ကျွန်ုပ်၏မှတ်တမ်းကို ဖတ်ရှုလာခဲ့ကြသည့် မိတ်ဆွေအများတို့ နားလည်လောက်ကြသည်ဟု မျှော်လင့်ပါသည်။ မေတ္တာတရား၏ အကျိုးအာနိသင်အကြောင်းကို ရေးသားတင်ပြရာတွင် ကျွန်ုပ်သည် မိမိအတွက် လူချီးမွမ်းခံလိုမှုထက် စစ်မှန်သောမေတ္တာတရားမည်သည် လောက၌ အံ့သြလောက်သည့် အကျိုးအာနိသင်မျိုး ဖြစ်ပေါ်လာရသည့် အစွမ်းသတ္တိရှိခြင်းကို ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသာမက မည်သည့်ဘာသာ၊ မည်သည့်လူမျိုးပင်ဖြစ်စေ ယုံကြည်စေနိုင်လောက်သည်ဟု ယူဆသည့်အတွက်ကြောင့် ယုံကြည်သော လောကလူသားတို့၏ အကျိုးအလို့ငှာ ရေးသားဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။ တစ်ကြောင်းမှာလည်း မေတ္တာတရား၏အကျိုးကြီးခြင်းကို လူတိုင်းလိုပင် သိရှိနားလည်ကြပြီးသကဲ့သို့ရှိနေကြ၍ ပွားများသူများရှိကြမည်ဖြစ်သော်လည်း ပွားများပုံ ပွားများနည်းနှင့်တကွ အသေးစိတ်ဖော်ပြခြင်းမျိုးကိုလည်းကောင်း၊ ထိုမှ ဖြစ်ပေါ်လာသောအကျိုးတရားများကို ကိုယ်တွေ့အနေဖြင့် ရေးသားဖော်ပြခြင်းမျိုးကိုလည်းကောင်း ကျွန်ုပ်မတွေ့ရဖူးသေးသည့်အတွက်ကြောင့် လောကကြီးအတွင်း၌ အမြင့်မြတ်ဆုံးဖြစ်သော ဤမေတ္တာတရားအကြောင်းကို စာဖတ်ပရိသတ်တို့ ဖတ်ရှုရပါက အားကျစေခြင်းအလို့ငှာ ရေးသားဖော်ပြရခြင်းဖြစ်ပါသည်။ "လောကကြီးအတွင်း" ဟူသော စကားလုံးကို သုံးနှုန်းရခြင်းမှာ မေတ္တာတရားသည် လောကမှ လွန်မြောက်စေသော တရားမျိုးကား မဟုတ်။ သို့သော် လောကအတွင်း၌မူ ယင်းထက်မြင့်မြတ်ကြီးကျယ်သည့် တရားမျိုးမရှိဟူ၍ ဆိုလိုသည့်အတွက်ကြောင့်ဖြစ်ပါသည်။ ဤမျှစကားပလ္လင်ခံပြီးနောက် ဤအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်၏ကိုယ်တွေ့အခြင်းအရာများကို ဖော်ပြပါတော့မည်။

**ဆရာကြီး ဘာတရန်ရတ်ဆဲလ်**

၁၉၆၁ ခုနှစ်ကုန်ခါနီးတွင် ရန်ကုန်သို့ ဆင်းသွား၍ ကျွန်ုပ်အား ဂုဏ်ပြုညှော့ခံကြသည့် ထမင်းစားပွဲတစ်ပွဲ၌ ကျွန်ုပ်၏ စဉ်းစားဉာဏ်အတွေးအခေါ်နှင့် ပတ်သက်၍ အထင်ကြီးပုံရသည့် ရန်ကုန်တက္ကသိုလ်မှ ပုဂ္ဂိုလ်နှစ်ဦးတို့က ကမ္ဘာကျော် အဘိဓမ္မာဆရာကြီး ဘာတရန်ရတ်ဆဲလ် စီရင်ရေးသားသည့်စာအုပ်လေးအုပ်ကို ကျွန်ုပ်အား ပေးလှူကြပေသည်။ ထိုလေးအုပ်အနက် 'လူသားသည် အနာဂတ်ရှိသေးသလော' Has man any future? ဟူသော စာအုပ်ကို ကျွန်ုပ် ရှေးဦးစွာ ဖတ်ရှုလိုက်သည်။ ပထမ၌ ကျွန်ုပ်၏အထင်မှာ လူသတ္တဝါသည် သေပြီးသည့်နောက်ဘဝရှိသလောဆိုသည့်အကြောင်းကို ရေးထားသည်အထင်နှင့် စိတ်မပါတပါ ဖတ်ရှုမိပါသည်။ သို့ရာတွင် ဖတ်ရှုလိုက်သောအခါ၌ ထိုအဓိပ္ပာယ်မျိုးမဟုတ်ဘဲ ကမ္ဘာစစ်ကြီးဖြစ်ပြီး လူသားမျိုးပြုတ်သွားနိုင်သလောဟူသောပုစ္ဆာကို ဆရာကြီးက သူ့ဘာသာသူမေးပြီး သူ့ဘာသာသူဖြေထားခြင်းဖြစ်၍ ကျွန်ုပ် အလွန်စိတ်ဝင်စားစွာ ဖတ်ရှုဆင်ခြင်ပါသည်။ ထိုစာအုပ်တွင် ဆရာကြီးသည် ပုံမတော်အဆင်မသင့်ပါက ကမ္ဘာစစ်ကြီးဖြစ်နိုင်ပုံကိုဖော်ပြ၍ ထိုကဲ့သို့မဖြစ်ရအောင် ကာကွယ်တားဆီးရန်နည်းလမ်းကိုလည်း (သူ၏စိတ်ကူးဉာဏ်အရ) ရေးသားတင်ပြထားလေသည်။

**ကျွန်ုပ်၏ အတွေး**

ဘာတရန်ရတ်ဆဲလ်မှာ ငြိမ်းချမ်းရေးကိုလိုလားသည့် ကမ္ဘာကျော်ပညာရှိပုဂ္ဂိုလ်ကြီးဖြစ်ပေရာ ကျွန်ုပ်သည် ၎င်း၏ အကြံပေးချက်များကို ငြင်းဆိုလိုသော ကြံရွယ်ချက်အလျှင်းမရှိစေကာမူ ကျွန်ုပ်မှာလည်း ဂေါတမဗုဒ္ဓညွှန်ပြတော်မူခဲ့သည့်အတိုင်း စိတ်သဘာဝကို နှစ်ပေါင်းများစွာ လေ့လာထားခဲ့သူတစ်ယောက်ဖြစ်သည့်အလျောက် ကမ္ဘာစစ်မဖြစ်နိုင်ရေးအတွက် စိတ်ကူးများပေါ်ပေါက်ခဲ့ပါသည်။ ဤသည်မှာ စိတ်ကူးသက်သက်မျှသာဖြစ်သော်လည်း ဝန်ကြီးချုပ်ဟောင်းဦးနုတို့ ပြောဟောတတ်ကြသည့် ငါးပါးသီလတရားမျိုးမျှလောက် မဟုတ်။ တကယ်လုပ်လျှင် တကယ်ဖြစ်နိုင်လောက်သည့်နည်းလမ်းတစ်ခုဖြစ်သည်ဟု ကျွန်ုပ်ထင်မြင်မိပါသည်။ ထိုအချိန်မှစ၍ ကမ္ဘာ့နိုင်ငံရေးနှင့်ပတ်သက်ပြီး မည်သည့်အဖြစ်အပျက်အခြင်းအရာကိုမျှ ဂရုမစိုက်တော့ဘဲ ဆိုဗီယက်နှင့် အမေရိကန်တို့ ဆက်ဆံရေးတစ်ခုတည်းကိုသာ အလေးပေးပြီး လေ့လာခဲ့ပါသည်။ အကြောင်းမူကား ကမ္ဘာစစ်ကြီးဖြစ်၊ မဖြစ်ဟူသည်မှာ ထိုတိုင်းပြည်ကြီးနှစ်ခုတို့၏ ဆက်ဆံမှု ပြေပြစ်ခြင်း ရှိ၊ မရှိအပေါ်တွင် တည်လျက်ရှိသည်ဟု ကျွန်ုပ်ထင်မြင်လျက်ရှိပါသောကြောင့်တည်း။ တချို့က ကျူးဘားအရေး၊ ဘာလင်အရေး စသည်တို့ကြောင့် စစ်ဖြစ်နိုင်သည်ဟုပြောကြလေရာ ကျွန်ုပ်မှာ စိတ်ကိုအရင်းခံထား၍ စဉ်းစားသူတစ်ယောက်ဖြစ်သည့်အလျောက် (အဖြစ်အပျက်များက စိတ်ကိုပြုပြင်ပြောင်းလဲစေနိုင်ခြင်းကို မငြင်းလိုစေကာမူ)တစ်ပြည်ကို တစ်ပြည်ကအထင်မှားမှုများ၊ မယုံကြည်မှုများ၊ စိတ်မချနိုင်မှုများကို ဖြေရှင်းပေးနိုင်လျှင်လည်း ကမ္ဘာစစ်ဖြစ်ဖို့ ဝေးသွားနိုင်သည်ဟု ယုံကြည်လျက်ရှိပါသည်။

ဆက်လက်ဖော်ပြပါမည်။

---

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်စက်တင်ဘာလအတွင်း ဖူးစားပြောင်းအများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ပန်းတနော် အောက်တိုဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်စက်တင်ဘာလအတွင်း ဖူးစားပြောင်းအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အကြီးလေး၏ပြောဆိုချက်အရ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ဖူးစားပြောင်းအဖူးရေ ၉၅၀၀၀ ကျော်အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ပြီးခဲ့တဲ့စက်တင်ဘာလတစ်လတာကာလအတွင်း ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဖူးစားပြောင်းအများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ဖူးစားပြောင်းတွေက အရည်အသွေးကောင်းပါတယ်" ဟု ဒေါ်အကြီးလေးကပြောသည်။

ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်ဖူးစားပြောင်းများကိုဝယ်ယူပြီး ကုန်တင်ယာဉ်များဖြင့် ရန်ကုန်ဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။



**သုတကျော်**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato’ Seri Utama Haji Mohamad Bin Haji Hasan ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၉

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato’ Seri Utama Haji Mohamad Bin Haji Hasan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုအပါအဝင် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ NCA စာချုပ်ပါ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်နေမှုအခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုများ၊ နှစ်နိုင်ငံအကြားဆက်ဆံရေး ပိုမိုအရှိန်မြှင့်တင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato’ Seri Utama Haji Mohamad Bin Haji Hasan ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

## ဥတ္တရသီရိမြို့နယ်၌ ရွေးကောက်ပွဲနှိုးဆော် အသိပညာပေး မြေစိုက်ပိုစတာ(Billboard) စိုက်ထူခြင်း အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သော ဆန္ဒမဲပေးနိုင်စေရေးအတွက် ရွေးကောက်ပွဲနှိုးဆော် အသိပညာပေးမြေစိုက်ပိုစတာ (Billboard) စိုက်ထူခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇေယျာဌာနီလမ်းနှင့် မန္တလေးလမ်းထောင့်၊ ဇလပ်ဝါကုန်တိုက်အနီးတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ တက်ရောက်သည်။

ဦးစွာ ရွေးကောက်ပွဲနှိုးဆော် အသိပညာပေး မြေစိုက်ပိုစတာ(Billboard) ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီဝင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ခဲ့သည့် ဘင်ခရာနှင့်ပန်းဖွားအဖွဲ့အား ဂုဏ်ပြုဆုငွေများပေးအပ်ပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က အခမ်းအနား တက်ရောက်လာကြသူများကို ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒရှင်အသိပညာပေးခြင်းနှင့် MEVM အသိပညာပေးလက်ကမ်းစာစောင်များကိုဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)




→ **မဲဆန္ဒရှင်ပြည်သူများမှ**

၃။ သို့ဖြစ်ပါ၍ မိမိအမည်မဲစာရင်းတွင် မပါဝင်ပါက ပုံစံ( ၃ )ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄ – က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ၂၀ – ၁၀ – ၂၀၂၅ ရက်နေ့ထိ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြပြီး စက်မှုသင်တန်းကျောင်းများမှ နည်းပြဆရာ၊ ဆရာမများ၊ တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့ရှိ လျှပ်စစ်စစ်ဆေးရေးဌာနနှင့် ဘွိုင်လာစစ်ဆေးရေးဌာနတို့မှ ဆရာ၊ ဆရာမများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် စက်မှုဝန်ကြီးဌာနရှိစက်မှုသင်တန်းကျောင်းများမှ ဆရာ၊ ဆရာမများကို တန်ဖိုးထားပြီး အလေးထားလေးစား၍ ဂုဏ်ပြုသည့် အခမ်းအနားလည်းဖြစ်ကြောင်း၊ နည်းပြဆရာ၊ ဆရာမများသည် သက်ဆိုင်ရာနည်းပညာအထူးပြုဘာသာရပ်များကို ကျွမ်းကျင်သူများဖြစ်သည့်အပြင် ကျောင်းသား၊ ကျောင်းသူများကို ပညာရပ်များကို ကျွမ်းကျင်မှုရှိစေရေးအတွက် လေ့ကျင့်သင်ကြားသူ၊ သင်တန်းသားများ၏ စဉ်းစားနိုင်စွမ်းကို ဖော်ထုတ်ပေးသူ၊ ပြဿနာများကို ဖြေရှင်းနိုင်စွမ်းရှိသူအဖြစ် ပြောင်းလဲပေးသူ၊ သင်တန်းသားများ၏ လူမှုရေး ကျွမ်းကျင်မှု၊ ဆက်ဆံပြောဆိုမှုစွမ်းရည်နှင့် တာဝန်ယူမှုစိတ်ဓာတ်တို့ကို ဖော်ဆောင်ပေးသူများဖြစ်ကြောင်း၊ နည်းပြဆရာ၊ ဆရာမများသည် ပြောင်းလဲနေသည့် နည်းပညာများကိုရရှိအောင် ကိုယ်တိုင်လေ့လာ၍ ပြန်လည်သင်ကြားပေးနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နည်းပြဆရာ၊ ဆရာမများအနေဖြင့် Industry 4.0 သို့ ပြောင်းလဲနိုင်ရေးအတွက် ဦးဆောင်သူများဖြစ်သည့်အပြင် သင်တန်းသားတစ်ဦးချင်းစီ၏ အနာဂတ်ကို ဖန်တီးသူ၊ နိုင်ငံတစ်နိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသူများဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အဖြစ် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတို့မှ Teacher of the Year ဆုရရှိသူနှစ်ဦးကို ဆုများချီးမြှင့်ပြီး စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ နည်းပြဆရာ၊ ဆရာမများကို အမှတ်တရ ဂုဏ်ပြု Postcard များပေးအပ်ကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ မြဝတီ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# (၁၅၁) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အခမ်းအနားကျင်းပ






**နေပြည်တော် အောက်တိုဘာ ၉**

(၁၅၁) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ဆုရလူငယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ယခုနှစ်အခမ်းအနားအတွက် ဆောင်ပုဒ်ကို **#POSTFORPEOPLE: Local Service. Global Reach. (ပြည်သူများအတွက် စာပို့တိုက် - ပြည်တွင်းဝန်ဆောင်မှုမှသည် ကမ္ဘာတစ်ဝန်းဆီ)**ဟု UPU မှ ရွေးချယ်သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါဆောင်ပုဒ်သည် ပြည်သူလူထုအတွက် မြို့ပြမှ ကျေးလက်တောရွာမကျန် စာပို့တိုက်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းမှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ချိတ်ဆက်မှုအတွက် စာပို့တိုက်ဝန်ဆောင်မှုကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်နေသည်ကို ဖော်ပြထားခြင်းဖြစ်ကြောင်း၊ ပြည်သူများအပါအဝင် နိုင်ငံတော်နှင့် ကမ္ဘာတစ်ဝန်းလုံးအတွက် ဆက်လက်လုပ်ဆောင်သင့်သည့် မျှော်မှန်းလမ်းညွှန်ချက်တစ်ခုလည်း ဖြစ်ကြောင်း။

ယခုနှစ်ကမ္ဘာ့စာပို့တိုက်နေ့၏ဆောင်ပုဒ်သည် မြန်မာ့စာတိုက်လုပ်ငန်း၏ရည်မှန်းချက်ဖြစ်သည့် “လူတိုင်းအတွက် မြန်မာ့စာတိုက် (Myanmar Post for Everyone)” နှင့် ကိုက်ညီလျက်ရှိနေကြောင်း၊ UPU ၏ State of the Postal Sector 2024 အစီရင်ခံစာတွင် စာပို့တိုက်လုပ်ငန်းများအနေဖြင့် သမားရိုးကျ စာပို့တိုက်ဝန်ဆောင်မှုများအပေါ်တွင်သာ မှီခိုအားထားနေခြင်းမပြုဘဲ ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုဆောင်ရွက်၍ ခေတ်နှင့်လျော်ညီအောင် ပြုပြင်ပြောင်းလဲပြီး နိုင်ငံတကာဈေးကွက်သို့ အောင်မြင်စွာချိတ်ဆက်နိုင်မှသာ အနာဂတ်တွင် ကြံ့ကြံ့ခံနိုင်ပြီး ပြန်လည်ရှင်သန်ဦးမော့လာနိုင်မည်ဖြစ်ကြောင်းနှင့် မကြာသေးမီက ကျင်းပခဲ့သည့် (၂၈) ကြိမ်မြောက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (UPU) ကွန်ဂရက်မှ ချမှတ်ဆောင်ရွက်ခဲ့သည့် Development Strategy များ၊ သဘောတူညီချက်များနှင့် နိုင်ငံတကာမှ စာပို့တိုက်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာတိုးတက်မှုများကို စာပို့တိုက်ကဏ္ဍကြီးကြပ်ဆောင်ရွက်သူ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ၊ မြန်မာ့စာတိုက်လုပ်ငန်းတို့မှ မျက်ခြည်မပြတ်လေ့လာစောင့်ကြည့်၍ မိမိတို့နိုင်ငံ၏ စာပို့တိုက်ကဏ္ဍ ပြန်လည်ဦးမော့လာနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ် (UPU) ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့လာသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့သဝဏ်လွှာ Video Clip နှင့် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်မှတ်တမ်း Video Clip များကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်အခမ်းအနားတွင် ( ၅၄ )ကြိမ်မြောက် အသက် ၁၅ နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)၌ ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်မှ မဝင်းလဲ့ရွှေရည်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်မှ မနှင်းအိရွှေရည် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်မှ မောင်ဇော်သူရနှင့် အထူးဆုရရှိသည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်မှ မမိုးပြည့်စုံကြွယ်တို့ကို ဂုဏ်ပြုဆုများပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) အတွက် အကဲဖြတ်ပေးကြသော အကဲဖြတ်အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး (၁၅၁)နှစ်မြောက်ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်ပြခန်း၌ ခင်းကျင်းပြသထားသည့် စာပို့တိုက်လုပ်ငန်းများ ကာလအလိုက် အဆင့်ဆင့် တိုးတက်ပြောင်းလဲလာခြင်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ စာအုပ်စာတမ်းများ၊ လုပ်ငန်းဆိုင်ရာပစ္စည်းများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မြဝတီ**

# မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တွေ့ဆုံဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၉**

အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး H.E. Dato’ Seri Utama Haji Mohamad Bin Haji Hasan သည် နေပြည်တော်သို့ ယနေ့တွင် အလုပ်သဘောခရီးစဉ်လာရောက်သည်။

ခရီးစဉ်အတွင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Dato’ Seri Utama Haji Mohamad Bin Haji Hasan သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ Jasmine Hotel ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိစေရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်များနှင့် တွေ့ဆုံဆွေးနွေးနေမှုများ၊ စစ်မှန်ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရေးအတွက် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ၊ အာဆီယံထုတ်ပြန်ကြေညာချက် (အာဆီယံတူညီဆန္ဒ) (၅)ချက် အကောင်အထည်ဖော်ရာတွင် အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်နေမှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် အွန်လိုင်းလိမ်လည်မှုများအတွက် အိမ်နီးချင်းနိုင်ငံများနှင့်သာမက ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာတို့နှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ဖြစ်ပွားခဲ့သည့် ငလျင်အားပြင်းလျင်ကာလအလွန် ပြန်လည်ထူထောင်ရေးနှင့် ငလျင်ဘေးသင့်ပြည်သူများ၏ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂနှင့် အာဆီယံတို့ပါဝင်သည့် သုံးပွင့်ဆိုင်ပင်မအဖွဲ့ (Tripartite Core Group) ဖွဲ့စည်းရေးကိုလည်း ထည့်သွင်းဆွေးနွေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ တာဝန်သိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ အာဆီယံ၏ ကြိုးပမ်းအားထုတ်မှုများနှင့် အာဆီယံဥက္ကဋ္ဌ၏ ဦးဆောင်ဦးရွက်ပြုမှုများတွင် အပြုသဘောပူးပေါင်းဆောင်ရွက်မှုများ၊ အဖွဲ့ဝင်ဖြစ်ချိန်မှစတင်၍ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ ထမ်းဆောင်ရမည့် တာဝန်နှင့် ဝတ္တရားများကို မပျက်မကွက် ထမ်းရွက်ခဲ့မှုများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး လက်ရှိအခြေအနေအရ မြန်မာနိုင်ငံအပေါ် ခွဲခြားချန်လှပ်ခြင်းများသည် သင့်လျော်မှုမရှိကြောင်း ထောက်ပြကာ အာဆီယံ၌ မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများ ပြန်လည်ရရှိစေရေး တိုက်တွန်းဆွေးနွေးသည်။

ယင်းနောက် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းပြောကြားမှုများကို သိရှိမှတ်သားရကြောင်း၊ ၎င်းအနေဖြင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့်အခြေအနေများကို တတ်စွမ်းသည့် တစ်ထောင့်တစ်နေရာမှ ကူညီပေးနိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံ၏ ပင်မအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ အာဆီယံထုတ်ပြန်ကြေညာချက်(အာဆီယံတူညီဆန္ဒ) (၅) ချက် အကောင်အထည်ဖော်မှုတွင် ပိုမိုကောင်းမွန်သောရလဒ်များရရှိစေရေးအတွက် မြန်မာနိုင်ငံက ဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် ဆောင်ရွက်မှုများကို ထောက်ခံပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် ပိုမိုထိတွေ့ဆက်ဆံကာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို အစည်းအဝေးမတိုင်မီတွင် Jasmine Hotel ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**မြဝတီ**

## ရေကြီးမှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၉**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ၂ လက်မကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၁ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# သာတူညီမျှမှုရှိပြီး အရည်အသွေးပြည့်ဝသည့် ပညာရေးစနစ်ဖြစ်စေရန် ဦးတည်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၉**

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)နှင့် (၂၀၂၁-၂၀၃၀) အရ "ကျောင်းများနှင့် ပညာသင်ယူရာဌာနအားလုံးတွင် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုများ သိသာထင်ရှားစွာ တိုးတက်လာရေးကို ဦးတည်သည့် ပိုမိုတိုးတက်ကောင်းမွန်သော သင်ကြားသင်ယူမှု၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ ဖြစ်ထွန်းလာစေရေး"ဆိုသည့် ရည်မှန်းချက်ပန်းတိုင်ကိုချမှတ်ကာ သာတူညီမျှမှုရှိပြီး အရည်အသွေးပြည့်ဝသည့် ပညာရေးစနစ်ဖြစ်စေရန် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ပညာရေးဝန်ကြီးဌာနရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာဆရာများအတွက် သာတူညီမျှမှုကို အခြေခံသော ဆရာအတတ်ပညာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအညွှန်းဘောင်ဆိုင်ရာ အရည်အသွေးမြှင့် (ဗဟိုအဆင့်) နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဆရာ၊ ဆရာမများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အခြေခံပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကျောင်းနေအရွယ်ကလေးအားလုံး အရည်အသွေးပြည့်ဝသော အခြေခံပညာသင်ယူမှုအခွင့်အလမ်းများကို သာတူညီမျှရရှိရေးနှင့် ဆရာများ၏အရည်အသွေးမြင့်မားရေးတို့သည် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် သင်ကြားသင်ယူမှုနှင့်စပ်လျဉ်းသည့် ဆရာအတတ်ပညာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါ နည်းပြသင်တန်း ပထမအသုတ်ကို နေပြည်တော် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းတွင် အောက်တိုဘာလ ၈ ရက်မှ ၉ ရက်အထိ ပို့ချလျက်ရှိရာ အခြေခံပညာဦးစီးဌာနမှ အရာထမ်းများက နည်းပြများအဖြစ် ဦးဆောင်ဆွေးနွေးပို့ချလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှအလယ်တန်းနှင့်အထက်တန်းကျောင်းအုပ်ဆရာ၊ ဆရာမ သင်တန်းသား၊ သင်တန်းသူ ၁၂၂ ဦး တက်ရောက်လျက်ရှိသည်။

သင်တန်းဒုတိယအသုတ်ကို အောက်တိုဘာလ ၁၀ ရက်နှင့်၁၁ ရက်တို့တွင်ဆက်လက်ပို့ချသွားမည်ဖြစ်ရာ မူလတန်းကျောင်းအုပ်ဆရာ၊ ဆရာမ ၁၂၂ ဦး တက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်တွင်း၊ ပြည်ပလေ့လာရေးခရီးသွားရောက်မည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ ပြည်ပခရီးသွားရောက်ရာတွင်ကြိုတင်ပြင်ဆင်လေ့လာထားရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ


## အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးထားသည့် ဆန္ဒမဲရလဒ်များအား ရေတွက်ခြင်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ (၄) နာရီထိုးပြီး၍ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

- မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် ထိန်းချုပ်စက်ပါ Total ခလုတ်ကိုနှိပ်၍ မဲပေးသူအရေအတွက်ကို ကြည့်ရှုမှတ်သားပြီးနောက် (On/Off)ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကို ပိတ်သိမ်းရမည်။ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရမည်။
- ဆန္ဒမဲရလဒ်များရေးမှတ်ရာတွင် ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ (၁၇-ခ)၊ ပုံစံ {၁၇(ခ-၁)} တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်။
- ဆန္ဒမဲရလဒ်များ ရေးမှတ်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။
- ထိန်းချုပ်စက်ရှိ (Print)ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းအား မဲပေးချက်ဖော်ပြသည့်စက်မှ ထုတ်ယူရမည်။ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။
- မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းရှိ ဆန္ဒမဲရလဒ်စာရင်းများနှင့် ရေတွက်ရရှိသော ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာပုံစံအသီးသီးတို့တွင် စာရင်းရေးသွင်းပြုစုရမည်။

**"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"**

**"လွတ်လပ်မျှတ၊ မဲပေးကြ"**




## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ(၁၃)ရက်နေ့တွင် ရောက်ရှိမည့် မြန်မာ့ရုပ်ရှင်နေ့(၁၀၅)နှစ်မြောက် ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် ရုပ်ရှင်ဇာတ်ဝင်တေးများနှင့်သက်ဆိုင်သော တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏တီးခတ်မှုနှင့်အတူ နာမည်ကျော် ရုပ်ရှင်သရုပ်ဆောင်များနှင့် မျိုးဆက်သစ်အနုပညာရှင်များဖြင့်စုပေါင်း၍ (၁၀-၁၀-၂၀၂၅)ရက် (သောကြာနေ့) ညတွင် **"(၁၀၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲ"** ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါ တေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

**(၁၀-၁၀-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ**

**"(၁၀၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲ"ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၄)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | အနှောင်အဖွဲ့ | ပြင်ပအဆိုရှင် |
| ၂။ | Crush | ပြင်ပအဆိုရှင် |
| ၃။ | မိန်းမယူရင်စဉ်းစားဖို့လိုတယ် | ပြင်ပအဆိုရှင် |
| ၄။ | အိမ်ထောင် | ပြင်ပအဆိုရှင် |
| ၅။ | ဝဲလည်လည် | ပြင်ပအဆိုရှင် |
| ၆။ | သူချိန်းတဲ့နေရာ | ပြင်ပအဆိုရှင် |
| ၇။ | အရှိကိုအရှိတိုင်း | ပြင်ပအဆိုရှင် |
| ၈။ | အရင်လိုပဲအရင်အတိုင်းပဲ | ပြင်ပအဆိုရှင် |
| ၉။ | မပြီးသေးသောပန်းချီကား | ပြင်ပအဆိုရှင် |
| ၁၀။ | ပင်လယ်နဲ့ကောင်းကင် | ပြင်ပအဆိုရှင် |
| ၁၁။ | ပန်းတွေနဲ့ဝေ | ပြင်ပအဆိုရှင် |
| ၁၂။ | မောင် | ပြင်ပအဆိုရှင် |
| ၁၃။ | ခိုင်မာလာနှင်းဆီ | ပြင်ပအဆိုရှင် |
| ၁၄။ | ချစ်သောမောင်မောင် | ပြင်ပအဆိုရှင် |

# အသည်းကင်ဆာဖြစ်ပွားမှုအန္တရာယ်လျှော့ချနိုင်မည့် အစားအသောက်နှင့်အလေ့အကျင့်များ

ယခင်က အသည်းကင်ဆာသည် အများအားဖြင့် သက်ကြီးရွယ်အိုများ၏ရောဂါအဖြစ် ကြာရှည်စွာရှုမြင်ခဲ့ကြသည်။ လွန်ခဲ့သည့်ဆယ်စုနှစ်နှစ်ခုအတွင်း အရက်သည် လူငယ်များတွင် အသည်းကင်ဆာဖြစ်ပွားမှုအန္တရာယ်ကို ပိုများလာစေသည်။ ၂၀၂၂ ခုနှစ်တွင် အရွယ်ရောက်ပြီးသူ ၈၀၀၀ ကျော်သည် အရက်ကြောင့်ဖြစ်နိုင်သော အသည်းကင်ဆာဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး လူပေါင်း ၆၅၀၀ ခန့် အသက်သေဆုံးခဲ့သည်။ နိုင်ငံအားလုံး၏ထက်ဝက်ကျော်သည် ဥရောပ၊ အာရှ-ပစိဖိတ်ဒေသနှင့် အလယ်အလတ်လူမှုဘဝနေထိုင်မှုအညွှန်းကိန်းများရှိသည့်နိုင်ငံများတွင် ကြီးမားသောတိုးတက်မှုများနှင့်အတူ အသည်းကင်ဆာဖြစ်ပွားမှုများ မြင့်တက်လာသည်ကို တွေ့ကြုံခဲ့ရသည်။

မကြာသေးမီနှစ်များအတွင်း အသည်းကင်ဆာ၏အကြောင်းရင်းများ သိသိသာသာပြောင်းလဲသွားကြောင်း တွေ့ရှိခဲ့သည်။ အချက်အလက်များအရ လူငယ်များတွင် လူနေမှုပုံစံရွေးချယ်မှု၊ အဝလွန်ခြင်းနှင့် ဇီဝဖြစ်စဉ်ရောဂါလက္ခဏာစုများ မြင့်တက်လာခြင်း၊ အရက်အလွန်အကျွံသုံးစွဲမှု၊ အသည်းရောင်အသားဝါစီပိုးကူးစက်မှုနှင့် ချို့တဲ့သောအစားအသောက်များနှင့်ဆက်စပ်နေသည့် အရက်ကြောင့်မဟုတ်သော အသည်းအဆီဖုံးရောဂါများက အဓိကအခန်းကဏ္ဍမှပါဝင်ကြောင်း ပိုမိုသိရှိလာသည်။ အရွယ်ရောက်ပြီးသူများတွင် ဇီဝဖြစ်စဉ်ရောဂါများနှင့်ဆက်စပ်သော အသည်းကင်ဆာရောဂါ၏ဖြစ်ပွားမှုသည် သိသိသာသာတိုးလာသောကြောင့် အသက်အရွယ်ကြီးလာသည်နှင့်အမျှ သက်ကြီးရွယ်အိုများတွင် အသည်းကင်ဆာရောဂါဖြစ်ပွားမှုတိုးလာဖွယ်ရှိကြောင်း အချက်ပြနေသည်။

မျိုးရိုးဗီဇအချက်များနှင့် ပတ်ဝန်းကျင်ဆိုင်ရာထိတွေ့မှုများသည် အခန်းကဏ္ဍတစ်ခုမှပါဝင်နေသော်လည်း အသည်းရောဂါဖြစ်နိုင်ခြေအများစုသည် လူနေမှုပုံစံနှင့်အစားအသောက်ရွေးချယ်မှုအလေ့အထများနှင့် မကြာခဏဆက်စပ်နေသည်။ ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းနှင့်ကျန်းမာသောခန္ဓာကိုယ်အလေးချိန်ကို ထိန်းသိမ်းခြင်းတို့သည် အသည်းကျန်းမာရေးအတွက် အကျိုးရှိပြီး ကင်ဆာအန္တရာယ်ကို လျှော့ချပေးနိုင်သော အလေ့အထများဖြစ်သည်။ နေ့စဉ် အစားအသောက်အလေ့အထများသည် အသည်းကင်ဆာဖြစ်ပွားမှုအန္တရာယ်ကို လျှော့ချရာတွင် အမှန်တကယ်မျှော်လင့်ချက်ရှိကြောင်း တွေ့ရှိလာကြသည်။

### ပြုပြင်ထားသောကာဗိုဟိုက်ဒရိတ်များထက် အမျှင်ဓာတ်ကြွယ်ဝသောအစေ့အဆန်များကိုရွေးချယ်ခြင်း

ပေါင်မုန့်ဖြူ၊ ခေါက်ဆွဲနှင့် သန့်စင်ထားသောကာဗိုဟိုက်ဒရိတ်များဖြင့် ပြုလုပ်ထားသောမုန့်များသည် ခန္ဓာကိုယ်အတွင်း သကြားဓာတ်အဖြစ်သို့ လျင်မြန်စွာပြောင်းလဲကာ အသည်းတွင် အဆီစုပုံစေသည်။ ဂျုံ၊ မုယောစပါး၊ ပြောင်းဆန်နှင့် ဆန်လုံးညိုကဲ့သို့သော အစေ့အဆန်များနှင့် အခွံမာသီးများဖြင့် အစားထိုးခြင်းသည် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်း၊ အူလမ်းကြောင်းဆိုင်ရာ အကျိုးပြုဗက်တီးရီးယားများကို တိုးတက်ကောင်းမွန်စေခြင်းနှင့် ရောင်ရမ်းမှုကိုလျှော့ချပေးခြင်းတို့ကြောင့် အသည်းကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ချပေးသည်။ အစေ့အဆန်များ ပုံမှန်စားသုံးခြင်းသည် ဗီတာမင်-E၊ ဖောလိတ်နှင့် ဘီတာကာရိုတင်းတို့ကဲ့သို့ Micronutrients များ မြင့်မားစွာစားသုံးသကဲ့သို့ အသည်းကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးသည်။ သုတေသနပြုချက်များအရ အမျှင်ဓာတ်ကြွယ်ဝသောအစားအစာများသည် ကင်ဆာဖြစ်စေနိုင်သည့် အဓိကအကြောင်းရင်းဖြစ်သည့် အရက်ကြောင့်မဟုတ်သော အသည်းအဆီဖုံးရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်သည်။

### ဟင်းသီးဟင်းရွက်များကိုရွေးချယ်စားသုံးခြင်း

ပန်းဂေါ်ဖီစိမ်း၊ မုန်ညင်းစိမ်းနှင့် ဂေါ်ဖီထုပ်များကဲ့သို့ ဟင်းသီးဟင်းရွက်များသည် ဗီတာမင်ဓာတ်ကြွယ်ဝရုံသာမက သဘာဝဒြပ်ပေါင်း sulforaphane နှင့် indole-3-carbinol တို့ပါဝင်သည်။ သဘာဝဒြပ်ပေါင်းများသည် ကင်ဆာဖြစ်စေသောပစ္စည်းများအပါအဝင် အန္တရာယ်ရှိသောဓာတုပစ္စည်းများကို ချေဖျက်ပေးသည့် detox အင်ဇိုင်းများကို လှုံ့ဆော်ပေးသည်။ ဟင်းသီးဟင်းရွက်များကို တစ်ပတ်လျှင် အနည်းဆုံးသုံးကြိမ်စားသုံးခြင်းသည် အသည်း၏ခံနိုင်ရည်ရှိမှုကို သိသိသာသာတိုးတက်စေနိုင်သည်။

### နေ့စဉ်ကော်ဖီသောက်သုံးခြင်း

ကော်ဖီကို နေ့စဉ် အသင့်အတင့်သောက်သုံးခြင်းသည် အသည်းကင်ဆာနှင့် အသည်းခြောက်ခြင်းအန္တရာယ်ကို လျော့နည်းစေသည်ဟု လေ့လာမှုများစွာက အကြံပြုထားသည်။ ကော်ဖီတွင် အသည်းရောင်ရမ်းခြင်းနှင့် အမာရွတ်များကိုလျှော့ချပေးသည့် Chlorogenic acid နှင့် diterpenes များ ပါဝင်သည်။ သကြား၊ နို့မှုန့်နှင့် ခရင်မ်များမထည့်ဘဲ နေ့စဉ် ကော်ဖီနှစ်ခွက်ခန့်သောက်သုံးခြင်းသည် ကင်ဆာကာကွယ်နိုင်သောအကျိုးကျေးဇူးများနှင့် ဆက်စပ်မှုရှိသည်။

### ဘယ်ရီသီးများစားသုံးခြင်း


ဘလူးဘယ်ရီသီး၊ ဘလက်ဘယ်ရီသီး၊ ချယ်ရီသီးနှင့် စတော်ဘယ်ရီသီးများတွင် Polyphenols နှင့် Anthocyanins ကဲ့သို့ အစွမ်းထက်သော အင်တီအောက်စီးဒင့်များကြွယ်ဝစွာပါဝင်ပြီး အသည်းဆဲလ်များကို ဓာတ်တိုးဆန့်ကျင်ဖိစီးမှုမှ ကာကွယ်ပေးသည်။ ဓာတ်တိုးဆန့်ကျင်ဖိစီးမှုသည် ကင်ဆာကြီးထွားမှုကို အဓိကလှုံ့ဆော်သောအချက်များထဲမှ တစ်ခုဖြစ်သည်။ ဆေးဘက်ဆိုင်ရာသုတေသနပြုချက်များအရ ဘယ်ရီသီးများသည် အသည်းအင်ဇိုင်းပမာဏကို မြှင့်တင်ပေးနိုင်ကြောင်း ဖော်ပြထားသည်။ အေးခဲနေသောဘယ်ရီသီးများ သို့မဟုတ် ဘယ်ရီသီးခြောက်များ နေ့စဉ် အနည်းငယ်စားသုံးခြင်းသည် အသည်းကင်ဆာဖြစ်ပွားမှုကာကွယ်ရာတွင် အထောက်အကူဖြစ်စေနိုင်သည်။

### နေ့စဉ်လက်ဖက်ရည်ကြမ်းသောက်သုံးခြင်း

သကြားပါသောအချိုရည်များနှင့် ဆိုဒါများသည် အသည်းအတွင်း အဆီစုခြင်းကို မြှင့်တင်ပေးသော်လည်း လက်ဖက်စိမ်းတွင် Catechins၊ အပင်အင်တီအောက်စီးဒင့်များပါဝင်ပြီး အသည်းအဆီစုခြင်းကို လျှော့ချပေးပြီး ရောင်ရမ်းမှုကိုသက်သာစေသည်။ သုတေသနလေ့လာမှုများတွင် လက်ဖက်စိမ်းကို ပုံမှန်သောက်သုံးသူများသည် အသည်းကင်ဆာဖြစ်နိုင်ခြေနည်းပါးကြောင်း တွေ့ရှိခဲ့သည်။ အစားအစာများကြားတွင် လက်ဖက်ရည်ကြမ်းသောက်သုံးခြင်းသည် အသည်းကိုပြုစုစောင့်ရှောက်ရန် လွယ်ကူသောဘဝနေထိုင်မှုပုံစံပြောင်းလဲမှုဖြစ်သည်။

### Omega-3 ပါဝင်သောအဆီများဖြင့် ကြော်ချက်ခြင်း

ကျန်းမာရေးနှင့်မညီညွတ်သော ပြန်ကြော်ဆီများ (Trans fats) နှင့် အကြိမ်ကြိမ်ကြော်ထားသောအစားအစာများသည် ခန္ဓာကိုယ်ထဲတွင် တိတ်တဆိတ်ရောင်ရမ်းမှုကို ဖြစ်စေနိုင်သည်။ ပဲစေ့ဆီများ၊ သစ်ကြားသီးနှင့် အဆီများသောငါးများကဲ့သို့သော Omege-3 ရင်းမြစ်များဖြင့် အစားထိုးခြင်းသည် အသည်းအဆီဖုံးခြင်းကို ပြောင်းလဲစေနိုင်သည်။ Omege-3 သည် အန္တရာယ်ရှိသောTriglycerides အဆီများကို လျှော့ချပေးသည်။ အင်ဆူလင်အာရုံခံနိုင်စွမ်းကိုမြှင့်တင်ပေးပြီး ကင်ဆာဖြစ်စေနိုင်သောအခြေအနေတစ်ခုဖြစ်သည့် အမာရွတ်ဖြစ်နိုင်ခြေကို လျှော့ချပေးသည်။




### ကြက်သွန်ဖြူ ကြက်သွန်နီ ပုံမှန်စားသုံးခြင်း

ကြက်သွန်ဖြူနှင့်ကြက်သွန်နီများတွင် အသည်းအတွက် အန္တရာယ်ရှိသောဓာတုပစ္စည်းများအား ချေဖျက်ပေးသည့်လမ်းကြောင်းကို အားကောင်းစေရန် လှုံ့ဆော်ပေးသော ဆာလဖာအခြေခံဒြပ်ပေါင်းများပါဝင်သည်။ ကြက်သွန်ဖြူပုံမှန်စားသုံးခြင်းသည် အသည်းပြဿနာရှိသူများတွင် အဆီများစုပုံမှုလျှော့ချပေးခြင်း၊ အင်ဇိုင်းဟန်ချက်ပိုမိုကောင်းမွန်စေခြင်းနှင့် ဆက်စပ်နေသည်။ ကြက်သွန်များသည် အရေသာအပြင် DNA ပျက်စီးမှုကိုကာကွယ်ပေးပြီး ရေရှည်တွင် ကင်ဆာအန္တရာယ်ကို လျှော့ချပေးသည်။

အချုပ်အားဖြင့်ဆိုသော် အသည်းသည် ခန္ဓာကိုယ်အတွက် အရေးကြီးဆုံးအင်္ဂါများထဲမှ တစ်ခုဖြစ်ပြီး အဆိပ်အတောက်များကို ဖယ်ရှားပေးခြင်း၊ အာဟာရများကိုပြုပြင်ပေးခြင်းနှင့် မရှိမဖြစ်လိုအပ်သောပရိုတင်းဓာတ်များထုတ်လုပ်ခြင်းကဲ့သို့သော အရေးကြီးသောလုပ်ငန်းဆောင်တာများကို လုပ်ဆောင်သည်။ အသည်း၏နာတာရှည်ပျက်စီးမှုသည် နှစ်ကြာလာသည်နှင့်အမျှ တိတ်တဆိတ်တိုးတက်လာနိုင်ပြီး နောက်ဆုံးတွင် အသည်းအဆီဖုံးရောဂါ၊ အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာကဲ့သို့သော အခြေအနေများအထိ ဖြစ်လာနိုင်သည်။ အဝလွန်ခြင်း၊ အရက်သောက်သုံးခြင်း၊ အသည်းရောင်အသားဝါနှင့် အရက်ကြောင့်မဟုတ်သော အသည်းအဆီဖုံးရောဂါကဲ့သို့သော လူနေမှုပုံစံများနှင့် အနီရောင်နှင့်ပြုပြင်ထားသောအသားများ၊ သကြားပါသောအချိုရည်များ၊ ပြည့်ဝဆီများနှင့် အရက်ကိုအလွန်အကျွံသောက်သုံးခြင်းသည် အသည်းကင်ဆာဖြစ်နိုင်ခြေကို မြင့်တက်စေသည်။ တခြားတစ်ဖက်တွင် အစေ့အဆန်များ၊ ဟင်းသီးဟင်းရွက်များ၊ ပဲပင်များ၊ ကျန်းမာရေးနှင့်ညီညွတ်သောအဆီများ၊ သကြားနှင့်ပြုပြင်ထားသောအစားအစာများကို မျှတစွာစားသုံးခြင်းသည် အသည်းကျန်းမာရေးကိုပံ့ပိုးပေးပြီး ကင်ဆာနှင့်ဆက်စပ်နေသော ဇီဝဖြစ်စဉ်ရောဂါများကို ကာကွယ်ခြင်းဖြင့် အသည်းကင်ဆာဖြစ်နိုင်သောအန္တရာယ်ကို ထိရောက်စွာလျှော့ချပေးနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

**ဒေါက်တာသိင်္ဂီကျော်**

# လှိုင်းဘွဲ့မြို့နယ် ထီးလင်းဝင်းသာကျေးရွာ၌ ဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကွင်းဆင်းစစ်ဆေး

လှိုင်းဘွဲ့ အောက်တိုဘာ ၉

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် အထက်ရေပူကျေးရွာအုပ်စု ထီးလင်းဝင်းသာကျေးရွာ၌ ဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာလ ၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ထီးလင်းဝင်းသာကျေးရွာ၌ ဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ကျေးရွာမှ တာဝန်ရှိသူများအား မှာကြားသည်။

ထီးလင်းဝင်းသာကျေးရွာ၌ ဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်းတွင် 1.5 HP DC/AC ပန့်နှင့် ဆိုလာ 4.68 KW တို့ပါဝင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ ငွေကျပ် ၁၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ယခုနှစ် ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုသက်**

⇨ **ကျောဖုံးမှအဆက်**

မှတ်ပုံတင်စာရင်းပုံစံ (၁၅-က)နှင့် အတူ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ (၁၂-၁၀-၂၀၂၅) ရက်နေ့အရောက်ပေးပို့ရန် **အစား** (၁၇- ၁၀ -၂၀၂၅ ) ရက်နေ့အရောက်ပေးပို့ရန်၊

( ခ ) မဲစာရင်းပါရှိရာ သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများအနေဖြင့် ပုံစံ(၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website မှလည်းကောင်း၊ မိမိတို့ရောက်ရှိရာ ဒေသရှိမြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှလည်းကောင်း ရယူဖြည့်စွက်ပြီး (၁၂-၁၀-၂၀၂၅) ရက်နေ့အရောက် ယင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲထံပြန်လည်ပေးပို့ရန် **အစား** (၁၇-၁၀-၂၀၂၅) ရက်နေ့အရောက်ပြန်လည်ပေးပို့ရန်၊

( ဂ ) ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို ကော်မရှင်သို့ နောက်ဆုံးထားပေးပို့ရမည့် နေ့ရက်အား (၁၂-၁၀-၂၀၂၅) ရက်နေ့ **အစား** (၁၇ - ၁၀ - ၂၀၂၅ ) ရက်နေ့ပေးပို့ရန်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မိတ္ထီလာမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်နိုင်ရေးလူထုအသိပညာပေး ပိုစတာစိုက်ထူ

မိတ္ထီလာ အောက်တိုဘာ ၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အရှေ့ပြင်ရပ်ကွက် ကန်တော်မင်္ဂလာခန်းမရှေ့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်နိုင်ရေးလူထုအသိပညာပေးပိုစတာ စိုက်ထူပွဲအခမ်းအနားကို အောက်တိုဘာလ ၉ ရက် နံနက်ပိုင်းတွင် ကျင်းပကြောင်း သိရသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်နိုင်ရေး လူထုအသိပညာပေးပိုစတာ စိုက်ထူပွဲအခမ်းအနားကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးနန္ဒကျော်သူ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာခရိုင်ဦးစီးမှူး ဦးနိုင်ဝင်းကျော်နှင့်ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် လူထုအသိပညာပေးပိုစတာအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးနန္ဒကျော်သူနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။

အလားတူ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်နိုင်ရေး လူထုအသိပညာပေးပိုစတာများကို မိတ္ထီလာ-ကျောက်ပန်းတောင်းသွားကားလမ်းဘေး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအနီး ကန်ကူးတံတားထိပ်နှင့်အောင်ဇေယျာရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေးကားကြီးကွင်းအသစ်ရှေ့တို့၌လည်း စိုက်ထူကြကြောင်း သိရသည်။

(၆၀၂)

# ဘုတလင်မြို့နယ်၌ ယခုနှစ် ဆောင်းနေကြာ သီးနှံဧက ၁၈၀၀၀ ကျော် စိုက်ပျိုးမည်

ဘုတလင် အောက်တိုဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဆောင်းနေကြာသီးနှံဧက ၁၈၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရသိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဘုတလင်မြို့နယ်၌ ဆောင်းနေကြာသီးနှံဧက ၁၈၁၂၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလအထိ စိုက်ပျိုးကြမည်ဖြစ်သည်။

"လာမယ့်ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ နေကြာသီးနှံဧက ၁၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားချက်ဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ဘုတလင်မြို့နယ်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ဘုတလင်မြို့နယ်၌ ယခုနှစ် နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှတောင်သူဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူအမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန်သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

# ရောဝတီအားမာန်

❖ အားသစ်တည် ရှေ့ကိုလှမ်းဖို့
ကြိုးပမ်းကြ ထာဝစဉ်
လို့လ ကြိုတင်။
မြရည်လိမ်း စိမ်းပြင်ပြင်
ဝါလွင်လွင် အရောင်ကူး။
ကောက်ပင်ပျို အနံ့ထွားတွေကြောင့်
အားတက်ရွှင်မြူး။

❖ နွေအဝင် နှင်းရည်လူး
သင်းကြည်ဖူး အပွင့်စုံ
သီးကင်းတွေပြုံ။
အနံ့ငိုက်လို့ ရိတ်မကုန်
ထောင်ပုံ ရာပုံ မိုးစပါး။
ရောဝတီမြေ ရွှေဖြစ်ရေးကို
ရှေးရှုကြိုးစား။

❖ ကြိုတင်ကာ ကြံဆအားနဲ့
တောရိုင်းများ ခုတ်လို့ထွင်
စိုက်ခင်း ပြုပြင်။
ဘူးနှင့်သခွား နှမ်းဖရုံပင်
ခရမ်းချဉ် ပဲနှင့်ပြောင်း။
ငရုတ်ကြက်သွန် နေကြာမျိုးတို့
ပျိုးစိုက်ပါကြောင်း။

❖ တိုင်းရော ဦးကြီးအပေါင်း
ဆောင်းတစ်သီး စိုက်ဖို့ကြံ
ငါးလည်းမွေးပြန်။
စီးပွားရေး ကျောထောက်နောက်ခံ
ဝင်ငွေမှန် ဘက်စုံပဲ။
လယ်ယာမြေ စိုက်ပျိုးရေးနဲ့
မွေးမြူရေးတွဲ။ ။

**မိုးမြင့်မေ(သ.က.ဟ.အ)**

## MWD Education, Knowledge & Sports Channel

၁၀-၁၀-၂၀၂၅(သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၄၅ | Grade - 9 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၂။ | ၁၅:၃၀ - ၁၅:၅၅ | Grade - 9 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၃။ | ၁၅:၅၅ - ၁၇:၃၀ | Grade - 9 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

## MWD Variety Channel


၁၀-၁၀-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၁၀:၄၅ | Countries of the World |
| ၂။ | ၁၁:၃၀ | သောတဆင်စရာ တေးမြန်မာ |
| ၃။ | ၁၄:၅၀ | ကျန်းမာသောဘဝ |
| ၄။ | ၂၁:၀၅ | ကွယ်လွန်ထင်ရှား အနုပညာရှင်များ |

# AA အကြမ်းဖက်သောင်းကျန်းသူများ၏ မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်၊ ရောင်းချနေသောလုပ်ငန်းများနှင့်ပတ်သက်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ပြောကြားချက်

**နေပြည်တော် အောက်တိုဘာ ၉**

မီဒီယာများကို AA အကြမ်းဖက်သောင်းကျန်းသူများဆောင်ရွက်နေတဲ့ မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်ရောင်းချနေတဲ့ လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ပြောကြားလိုပါတယ်။ ဒီ AA အကြမ်းဖက်သောင်းကျန်းသူများ ဦးစီးလုပ်ကိုင်နေတဲ့ မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်ရောင်းချနေတဲ့ လုပ်ငန်းတွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်ပါ အန္တရာယ်သဖွယ်ဖြစ်ပေါ်လျက်ရှိပါတယ်။ AA သောင်းကျန်းသူအဖွဲ့ဟာ မူးယစ်ဆေးဝါးနဲ့ရပ်တည်နေတဲ့ အဖွဲ့အစည်းဖြစ်တယ်ဆိုတာကိုလည်း ကျွန်တော်အရင်ကလည်း ပြောပြီးဖြစ်ပါတယ်။ အခုလည်း AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ ရခိုင်ပြည်နယ်နဲ့ မလေးရှားနိုင်ငံကို ပို့ဆောင်ဖြန့်ဖြူးရောင်းချမယ့် ငွေကျပ် ၁၉၅ ဒသမ ၈၅ ဘီလီယံတန်ဖိုးရှိတဲ့ အိုက်စ် ၃၄၃၈ ကီလိုဂရမ်နဲ့ ကက်တမင်း ၂၁၉၈ ကီလိုဂရမ်တွေကို ပြီးခဲ့တဲ့ စက်တင်ဘာလနောက်ဆုံးပတ်က ဖမ်းဆီးရမိခဲ့ပါတယ်။ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချမှုနဲ့ ဒီ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို မလိုလားတဲ့ တာဝန်သိပြည်သူတစ်ဦးရဲ့ သတင်းပေးချက်အရ မူးယစ်ဆေးဝါးတွေကို ရှမ်းပြည်နယ်ဘက်ကနေ အဲဒီကမှ ရန်ကုန်မြို့ကတစ်ဆင့် ရခိုင်ပြည်နယ်နဲ့ မလေးရှားနိုင်ငံကိုပို့ဆောင်မယ့်အကြောင်း သိရှိရတဲ့အတွက် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုတွေလုပ်ခဲ့ပါတယ်။ ဒီအတွက်ကြောင့် လှည်းကူးမြို့နယ် လှည်းကူး-ဖောင်ကြီးသွား ကားလမ်းပေါ်မှာ ယာဉ်မောင်းအောင်ခန့်ကျော်မောင်းနှင်ပြီး ယာဉ်နောက်လိုက်ထက်ဝေဖြိုးလိုက်ပါလာတဲ့ ယာဉ်ပေါ်ကနေ အိုက်စ် ၁၄၃၉ ကီလိုဂရမ်၊ တန်ဖိုးငွေကျပ် ၃၅ ဒသမ ၉၇ ဘီလီယံ ဖမ်းဆီးရမိခဲ့ပါတယ်။ ဖမ်းဆီးရမိသူတွေရဲ့ထွက်ဆိုချက်အရ မူးယစ်ဆေးဝါးသယ်ဆောင်မယ့် ကိစ္စကို ချိတ်ဆက်ပေးတဲ့သူတွေအပြင် ထပ်မံပြီး ထန်းတပင်မြို့နယ်၊ စည်ပင်သာကျေးရွာက ဇော်လင်းနဲ့ စောဇင်မင်းဟန်တို့အိမ်မှာ သိုလှောင်သိမ်းဆည်းထားတဲ့ အိုက်စ် ၁၉၉၉ ကီလိုဂရမ်၊ တန်ဖိုးငွေကျပ် ၄၉ ဒသမ ၉၇ ဘီလီယံခန့်နဲ့ တရားခံတွေနဲ့ အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ သုံးခွမြို့နယ် သမစိတ္တကျေးရွာအနီးက ကျော်နိုင်ရဲ့ နေအိမ်ဂိုဒေါင်ကနေ ကက်တမင်း ၂၁၉၈ ကီလိုဂရမ် တန်ဖိုးငွေကျပ် ၁၀၉ ဒသမ ၉ ဘီလီယံခန့်နဲ့ မူးယစ်ဆေးဝါးသယ်ဆောင်ပေးခဲ့တဲ့ ယာဉ်မောင်း/ ယာဉ်မောင်းအကူတွေနဲ့ သယ်ဆောင်ရာမှာ အသုံးပြုခဲ့တဲ့ မော်တော်ယာဉ်တွေကိုလည်း ဖမ်းဆီးရမိခဲ့ပါတယ်။ ဒီမူးယစ်ဆေးဝါးတွေဟာ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ကျေးသီးမြို့နယ်၊ ဝမ်ဟိုင်းဒေသက မူးယစ်ဆေးဝါးတွေဖြစ်ပြီး AA သောင်းကျန်းသူအဖွဲ့ရဲ့ စီးပွားရေးတာဝန်ခံတွေဖြစ်တဲ့ ရဲဇော်နဲ့ချစ်မင်းတို့က ဝမ်ဟိုင်းကနေတစ်ဆင့် ရမည်းသင်း၊ ရန်ကုန်နဲ့ ရခိုင်ပြည်နယ်၊ အဲဒီကမှ မလေးရှားနိုင်ငံအထိ ပင်လယ်ရေလမ်းကြောင်းကနေပို့ဆောင်ဖို့ စီစဉ်ဆောင်ရွက်နေချိန်မှာ အခုလိုဖမ်းဆီးရမိခဲ့တာဖြစ်ပါတယ်။




AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များဟာ ၂၀၁၃ ခုနှစ်လောက်ကစပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချမှုတွေကို နည်းလမ်းမျိုးစုံနဲ့ လုပ်ဆောင်နေတာဖြစ်ပါတယ်။ ထုပ်ပိုးမှုပုံစံမျိုးစုံနဲ့သယ်ဆောင်တဲ့နေရာမှာလည်း ဆီဘောက်ဆာကားကို အံဝှက်လုပ်ပြီး သယ်ဆောင်တဲ့အထိ လုပ်ဆောင်ခဲ့ကြပါတယ်၊ မူးယစ်ဆေးဝါးကို အဓိက ကုန်ကူးရောင်းချနိုင်ဖို့အတွက် ပမာဏနည်းနည်းလေးကနေပြီးကြီးမားတဲ့ ပမာဏအထိ သယ်ဆောင်လုပ်ကိုင်နေတာမျိုးတွေ့ရပါတယ်၊ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ခေါင်းဆောင် ထွန်းမြတ်နိုင်ကိုယ်တိုင်က တာဝန်ပေးစေခိုင်းတဲ့အတွက် ဒီမူးယစ်ဆေးဝါး သယ်ဆောင်ဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်းတွေကိုလုပ်နေရတာဖြစ်ကြောင်းကိုလည်း ဖမ်းဆီးရမိတဲ့ AA သောင်းကျန်းသူအဖွဲ့ဝင်တွေရဲ့ထွက်ဆိုချက်တွေမှာတွေ့နိုင်ပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ ၂၀၁၅ ခုနှစ်မှာ ၁ ကြိမ်ဖမ်းမိခဲ့တဲ့ ကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၆၅ ဘီလီယံခန့်၊ ၂၀၁၉ ခုနှစ်မှာ ၄ ကြိမ် ကာလတန်ဖိုးငွေကျပ် ၅၉ ဘီလီယံခန့်၊ ၂၀၂၀ ပြည့်နှစ်မှာ ၁ ကြိမ် ကာလတန်ဖိုးငွေကျပ် ၁၀ ဘီလီယံ၊ ၂၀၂၃ ခုနှစ်မှာ ၂ ကြိမ် ကာလတန်ဖိုးငွေကျပ် ၁၅၅ ဒသမ ၈၇ ဘီလီယံ၊ ၂၀၂၄ ခုနှစ်မှာ ၂ ကြိမ် ကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၂၂ ဘီလီယံခန့်နဲ့ အခု ၂၀၂၅ ခုနှစ်အတွင်းမှာ ၆ ကြိမ် ကာလတန်ဖိုးငွေကျပ် ၁၀၀၃ ဒသမ ၉၃ ဘီလီယံခန့်ဖြစ်ပြီး **၂၀၁၅ ခုနှစ်ကနေ ယခုအချိန်အထိ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နဲ့ဆက်စပ်နေတဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု စုစုပေါင်း ၁၆ ကြိမ်တိတိရှိခဲ့ပါတယ်။ စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၁၂၃၃ ဒသမ ၆၇ ဘီလီယံအထိ ဖမ်းဆီးရမိခဲ့ပါတယ်**။ ဒီပမာဏကို ကြည့်ရင် ဘယ်လောက်အန္တရာယ်များကြောင်း တွေ့နိုင်မှာဖြစ်ပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်မှာ သူတို့ထိန်းချုပ်ထားတဲ့ နေရာတွေကနေတစ်ဆင့် ဒေသတွင်းနေရာများကို ဘယ်လောက်အထိ မူးယစ်ဆေးဝါးတွေပို့ဆောင်နေခဲ့ကြောင်း ထင်ရှားစွာတွေ့ရမှာဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်က AA သောင်းကျန်းသူအဖွဲ့နဲ့ ဆက်စပ်နေတဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှာဆိုရင် AA သောင်းကျန်းသူအဖွဲ့ဝင် ဗိုလ်အဆင့်ရှိတဲ့ ထွန်းလင်း(ခ)ပြုံးချို၊ ဒုတိယဗိုလ်အဆင့်ရှိတဲ့နေလင်းထွန်း(ခ)နောနော်(ခ)ကျော်စိုးနဲ့ ဒုတိယဗိုလ်အဆင့်ရှိသူ စိုးထွန်း၊ တပ်ကြပ်ကြီးအဆင့်ရှိသူ ကျော်ဟန်၊ တပ်သားအဆင့်ရှိတဲ့ ကျော်လင်းဆန်းနဲ့ တပ်သားအဆင့်ရှိတဲ့ ဦးထွန်းနုတို့(၆)ဦးပါဝင်ခဲ့ပါတယ်။ သူတို့ကို ကျွန်တော်တို့ စနစ်တကျစစ်ဆေးဖော်ထုတ်တဲ့အခါမှာ AA သောင်းကျန်းသူအဖွဲ့ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့ တာဝန်ပေးချက်အရ AA သောင်းကျန်းသူ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်မြတ်ဦး(ခ)သားသား(ခ)ဝေသာထွန်းက ဦးစီးပြီး စီမံခန့်ခွဲလုပ်ဆောင်နေကြောင်း ထွက်ဆိုချက်တွေအရ တိကျစွာသိရှိရပါတယ်။ ဒီလိုပါပဲ နောက်ပိုင်းဖမ်းမိတဲ့ ကိစ္စတွေမှာလည်း AA သောင်းကျန်းသူအဖွဲ့နဲ့ပတ်သက်တဲ့သူတွေ၊ AA သောင်းကျန်းသူအဖွဲ့ဦးစီးပြီးလုပ်ကိုင်နေတဲ့ မူးယစ်ဆေးဝါးလုပ်ငန်းမှာ ပါဝင်ဆောင်ရွက်နေသူတွေသာဖြစ်ပါတယ်။

AAသောင်းကျန်းသူအဖွဲ့တွေဟာဒေသခံတွေကို ငွေကြေးနဲ့မက်လုံးပေးပြီး မူးယစ်ဆေးဝါးတွေကိုသယ်ဆောင်စေပြီး ရခိုင်ပြည်နယ်မှာရှိတဲ့ ဒေသခံတွေကို ရောင်းချတာအပြင် နယ်နိမိတ်ချင်းထိစပ်နေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ရေလမ်းကြောင်းကနေတစ်ဆင့် အခြားနိုင်ငံတွေကိုလည်း အဆင့်ဆင့်ချိတ်ဆက်ပို့ဆောင်ရောင်းချနေတာတွေ့ရပါတယ်၊ ဒါတွေကို ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်(BGB)ရဲ့ ရာမူး စစ်ဌာနချုပ်မှူးကိုယ်တိုင် စက်တင်ဘာလ ၁၅ ရက်နေ့က သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့တာကိုလည်း တွေ့ရပါတယ်။ ယခင်ကတော့ ဒီ ရခိုင်-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှာ မြန်မာနိုင်ငံရဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့တွေ လုံခြုံရေးဆောင်ရွက်နေတဲ့ အခြေအနေမှာ ဒီလိုကိစ္စတွေကို ကောင်းမွန်စွာ ကိုင်တွယ်ထိန်းချုပ်နိုင်ခဲ့ပါတယ်။ အခုကတော့ သူတို့လွှမ်းမိုးနေတဲ့ နယ်မြေမှာ AA သောင်းကျန်းသူတပ်ဖွဲ့ဝင်တွေကိုယ်တိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အခြားနိုင်ငံတွေကို မူးယစ်ဆေးဝါးတွေ အတားအဆီးမဲ့စွာ တင်သွင်းတင်ပို့နေကြောင်း တွေ့ရတာဖြစ်ပါတယ်။ ဒီလိုပို့ဆောင်ဖြန့်ဖြူးရရှိတဲ့ ငွေတွေကနေတစ်ဆင့် ရိက္ခာ၊ လက်နက်/ ခဲယမ်းတွေ ဝယ်ယူနေခြင်းဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။

AA သောင်းကျန်းသူအဖွဲ့ရဲ့ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေကလည်း မူးယစ်ဆေးဝါးသယ်ဆောင်ဖြန့်ဖြူးတဲ့လမ်းကြောင်းမှာ ပါဝင်ပတ်သက်နေပြီး အဲ့ဒီကနေရရှိလာတဲ့ အကျိုးအမြတ်တွေကိုမျှော်လင့်ခဲ့ရာကနေ ပြီးတော့ ပမာဏကြီးကြီးဖမ်းဆီးခံလိုက်ရတဲ့ အချိန်ရဲ့နောက်ကွယ်မှာတော့ ငွေကြေးကျပ်တည်းမှုတွေနဲ့အတူ စိတ်ဝမ်းကွဲပြားမှုတွေ၊ အလင်းဝင်ရောက်မှုတွေ၊ အချင်းချင်းစွပ်စွဲသတ်ဖြတ်မှုတွေဖြစ်ပေါ်နေတာလည်းတွေ့ရပါတယ်၊ လက်ရှိအချိန်အထိ တစ်နိုင်ငံလုံးက PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဝင်တွေဟာ တရားဥပဒေဘောင်အတွင်း အလင်းဝင်ရောက်လာမှု ၈၂၃ ဦးအထိရှိလာပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း အလင်းဝင်ဖို့ ချိတ်ဆက်ဆောင်ရွက်နေတဲ့ အဖွဲ့တွေလည်းရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၁၈ ခုနှစ်ကနေ ယခုအထိ EAO တွေနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခြင်း ၂၇ ကြိမ်ကြေညာခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုကြောင့် အကြမ်းဖက်ဖြစ်နေတဲ့ PDF အပါအဝင် အခြားအဖွဲ့အစည်းများကိုလည်း ဥပဒေဘောင်အတွင်းဝင်ရောက်ဖို့ ၃ ကြိမ်တိုင်ဖိတ်ခေါ်ပြီးဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ပြောချင်တာ AA သောင်းကျန်းသူအဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်အတွင်းမှာသာမက မြန်မာနိုင်ငံအတွင်း ဒေသတွင်းနိုင်ငံတွေအထိ လူသားမျိုးနွယ်စုရဲ့အန္တရာယ်ဖြစ်တဲ့ မူးယစ်ဆေးဝါး ရောင်းဝယ်တာတွေ၊ ဖြန့်ဖြူးတာတွေ လုပ်ဆောင်လျက်ရှိတဲ့အပြင် လူမျိုးရေးအကြောင်းပြပြီး သောင်းကျန်းသူအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ လူမျိုးရေးအကြောင်းပြပြီး ဆောင်ရွက်နေတာဖြစ်ပေမယ့် ရခိုင်လူငယ်တွေပဲ မူးယစ်ဆေးဝါးရဲ့သားကောင်တွေဖြစ်ပေါ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများအနေနဲ့ ဒီလို အစွန်းရောက်လုပ်ဆောင်နေတဲ့ AA အကြမ်းဖက်သောင်းကျန်းသူ Arakan Drug Army (AA မူးယစ်ဆေးဝါးသောင်းကျန်းသူ)များကို ဆန့်ကျင်ဖို့၊ မြန်မာနိုင်ငံသူနိုင်ငံသားတွေအတွက် အကျိုးယုတ်စေမယ့်လုပ်ငန်းတွေဖြစ်လို့၊ ဒေသတွင်းနိုင်ငံများကိုပါ အန္တရာယ်ကျရောက်စေမယ့်လုပ်ငန်းတွေဖြစ်လို့ အားလုံးက ဝိုင်းဝန်းဆန့်ကျင်ကြဖို့နဲ့ ရရှိလာတဲ့သတင်းများကို တာဝန်ရှိသူများထံ အချိန်မီပေးပို့ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ မြဝတီ

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
| --- | --- |
| နေပြည်တော် | ၂၅°c / ၃၃°c |
| ရန်ကုန် | ၂၄°c / ၃၃°c |
| မန္တလေး | ၂၂°c / ၃၃°c |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

**၉-၁၀-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၄)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုချီးမြှင့်



ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့၏ တပ်ဖွဲ့ဖွဲ့စည်းခြင်း (၄)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားတွင် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

ရန်ကုန် အောက်တိုဘာ ၉

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့၏ တပ်ဖွဲ့ဖွဲ့စည်းခြင်း (၄)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ သန်လျင်တပ်နယ်မှအရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှအရာရှိကြီးများ၊ ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ်၊ နယ်တက်ဆိုင်ရာအရာရှိကြီးများ၊ တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များတက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၄)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ်တွေ့ဆုံပွဲ၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုအမှာစကားပြောကြားရာတွင်ယနေ့သည် ကမ်းခြေစောင့်တပ်ဖွဲ့၏ (၄)နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားဖြစ်ပြီး နိုင်ငံတော်၏ မြန်မာ့ပင်လယ်ပြင်နှင့် ရေကြောင်းအကျိုးစီးပွားများ၊ ပင်လယ်ပြာစီးပွားရေးလုပ်ငန်းများအား ကာကွယ်စောင့်ရှောက်ရန်၊ ရေကြောင်းလုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများအား တားဆီးကာကွယ်ရန်၊ ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်းစာနာမှုအထောက်အကူပေးရေးလုပ်ငန်းများဆောင်ရွက်ရန်၊ အရေးပေါ်အချိန်တွင် တပ်မတော်(ရေ)အား အထောက်အကူပြုနိုင်ရန် စသည့်ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက်မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြောင်းအကျိုးစီးပွားများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် အရေးကြီးသည့်အခန်းကဏ္ဍမှတာဝန်ထမ်းဆောင်သွားရမည့် တပ်ဖွဲ့ဖြစ်သည်ကို လေးနက်စွာနားလည်သဘောပေါက်ခံယူထားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပင်လယ်ရေကြောင်းတရားဥပဒေစိုးမိုးရေးနှင့် စီးပွားရေးအင်အားတောင့်တင်းလာစေရန်တည်ဆောက်ရေး စသည့်လုပ်ငန်းများ၌ ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်အောင်ထမ်းဆောင်သွားကြရန်လိုကြောင်း၊ ထို့ပြင် ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်များ၌ အဖြူရောင်သံတမန်(White Hull Diplomat)အဖြစ်လည်း ရည်မှန်းချက်ထားရှိဆောင်ရွက်သွားရန်လိုကြောင်း။



ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် အထိမ်းအမှတ်ပြခန်းအား ကြည့်ရှုစဉ်။

ကမ်းခြေစောင့်တပ်ဖွဲ့၏လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင်ဥပဒေကြောင်းအရ ခိုင်ခိုင်မာမာဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်တွင် နိုင်ငံတော်အစိုးရက အတည်ပြု ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာ့ပင်လယ်ပြင်အတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ထိရောက်မှု၊ တရားမျှတမှု၊ လုံခြုံမှု၊ အကာအကွယ်ပေးမှုနှင့် လက်တွေ့ကျင့်သုံးနိုင်မှုများဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေတွင် ပြဋ္ဌာန်းထားရှိကြောင်း၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေနှင့် တည်ဆဲရေကြောင်းဥပဒေများအတိုင်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားများပိုမိုဖွံ့ဖြိုးလာစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေနှင့် ဆက်စပ်ကျင့်သုံးရမည့် ရေကြောင်းဆိုင်ရာဥပဒေများကိုလည်း စဉ်ဆက်မပြတ်လေ့လာ၍ နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက တက်ရောက်လာကြသည့် ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် အထိမ်းအမှတ်ပြခန်းအားကြည့်ရှုရာ ပြခန်းအတွင်း ခင်းကျင်းပြသထားရှိမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားခဲ့သည်။

ဆက်လက်ပြီး ကမ်းခြေစောင့်တပ်ဖွဲ့ ဆိပ်ခံဖောတံတားတွင် ဆိုက်ကပ်ထားသည့် ကမ်းခြေစောင့်တပ်ဖွဲ့ရေယာဉ်ပေါ် တက်ရောက်လေ့လာကြည့်ရှုပြီး ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်အားလုံး ကမ်းခြေစောင့်တာဝန်ထမ်းဆောင်နိုင်ရေး အမြဲအသင့်ရှိနေစေရေး မှာကြားခဲ့သည်။

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်များသည် မြန်မာ့ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ကမ်းခြေစောင့်တာဝန်များ ထမ်းဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဝဝဝ)

## မော်လမြိုင်ကျွန်းမြို့နယ်၌ ကော်ဖီပျိုးပင်ပေးအပ်ပွဲနှင့် စိုက်ပျိုးနည်းသရုပ်ပြပွဲကျင်းပ

မော်လမြိုင်ကျွန်း အောက်တိုဘာ ၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်မော်လမြိုင်ကျွန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ကော်ဖီပျိုးပင်ပေးအပ်ပွဲနှင့် စိုက်ပျိုးနည်းသရုပ်ပြပွဲအခမ်းအနားကို အောက်တိုဘာလ ၉ ရက်တွင် တန့်ငူကျေးရွာအုပ်စု ကွမ်းခြံချောင်းကျေးရွာ အောင်တော်မူသာသနာ့ရောင်ခြည်ကျောင်းဝင်း မြေတစ်ဧကပေါ်၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက စိုက်ပျိုးမည့်ကော်ဖီပျိုးပင်များကိုပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဌေးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များက စုပေါင်း၍ ကော်ဖီပျိုးပင်များ စိုက်ပျိုးခဲ့ကြသည်။

ကော်ဖီတွင် ခန္ဓာကိုယ်အကျိုးပြုဓာတ်တိုးဆန့်ကျင်ပစ္စည်းခေါ် Antioxidant အာဟာရဓာတ်သတ္တုများပါဝင်နေခြင်း၊ ခန္ဓာကိုယ်အတွင်း အဆီလောင်ကျွမ်းမှုကိုအားပေးကူညီနိုင်ခြင်း၊ အသည်းကိုအားကောင်းစေခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်သည့်အတွက် စိုက်ကေများတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၁၀-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄။ | ၁၀:၀၀ | ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း |
| ၅။ | ၁၁:၀၀ | မြန်မာ့လက်သံ |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၇။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၈။ | ၁၄:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၉။ | ၁၅:၀၀ | ဓာတ်လမ်းတို |
| ၁၀။ | ၁၇:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၁။ | ၁၈:၀၀ | **မြဝတီရုပ်မြင်သံကြားသတင်း** |
| ၁၂။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၁၃။ | ၁၉:၀၀ | **(၃၈)ဖြာ မင်္ဂလာ သမဏနဋ္ဌဒဿနံ** |

## သဇင်(FM) အသံလွှင့်အစီအစဉ်

၁၀-၁၀-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဖို့ |

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၉

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီတူရှိမှုနှင့် တရားမျှတမှုတို့ကိုအခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များအပြည့်အဝရှိသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်ရည်ရွယ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းဝင်စာချုပ်အဖြစ် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

NCA လက်မှတ်ရေးထိုးပြီးချိန်မှစ၍ NCA အထိမ်းအမှတ် နှစ်ပတ်လည်နေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ လာမည့် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင်ကျရောက်မည့် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားအား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီက ကြီးမှူး၍ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် ခမ်းနားစွာကျင်းပမည်ဖြစ်ပြီး တစ်ဆက်တည်း NCA အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် M Gallery ဟိုတယ်၌ ကျင်းပပြုလုပ်သည်။

ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က လုပ်ငန်းကော်မတီများအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများအဆင်သင့်ဖြစ်နေပြီဟုမျှော်လင့်ကြောင်း၊ မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်မည့်အနေအထားအား အစမ်းလေ့ကျင့်ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်မှ ယဉ်ကျေးမှုအကအဖွဲ့များအနေဖြင့် အစမ်းလေ့ကျင့်ရန်လိုအပ်ကြောင်း၊ ပထမပိုင်းတွင် ဖွင့်ပွဲအခမ်းအနားအားဆောင်ရွက်ပြီး ဒုတိယပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲအား ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သတင်းထုတ်ပြန်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်လိုကြောင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီအနေဖြင့်လည်း အခမ်းအနားကျင်းပသည့်နေရာသို့ အချိန်မီရောက်ရှိနိုင်ရေး မြေပြင်တွင် အချိန်ကိုက် ကြိုတင်လေ့ကျင့်ထားသင့်ကြောင်း၊ ခန်းမတွင်းနေရာချထားရေးလုပ်ငန်းကော်မတီအနေဖြင့်လည်း လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီအစည်းအဝေးအား သုံးကြိမ်ကျင်းပဆောင်ရွက်ခဲ့ပြီး လုပ်ငန်းကော်မတီများနှင့်ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကော်မတီအစည်းအဝေးအား နှစ်ကြိမ်တိုင်တိုင် ပြုလုပ်၍ လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် လုပ်ငန်းကော်မတီများမှ လိုအပ်ချက်များမရှိစေရေး အသေးစိတ်တင်ပြဆွေးနွေးပေးစေလိုပြီး လိုအပ်ချက်များအား အပြီးသတ်ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသွားမည်ကြောင်း ပြောကြား၍ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အခမ်းအနားတက်ရောက်သူများအား အချိန်မီရောက်ရှိရေးဆောင်ရွက်ပေးစေလိုကြောင်း၊ပြခန်းတွင် ရှင်းလင်းမည့် ညွှန်ကြားရေးမှူးချုပ်များအနေဖြင့် ထိထိမိမိ စနစ်တကျရှင်းလင်းနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားစေလိုကြောင်း၊ ပြခန်းတွင် ခင်းကျင်းပြသမည့်ဓာတ်ပုံများအား စနစ်တကျစိစစ်ခင်းကျင်းပြသရန်လိုကြောင်း၊ အခမ်းအနားမှူးများက အစီအစဉ်တကျဖြင့် အချိန်ကိုက်ကြေညာပေးရန်လိုအပ်ကြောင်း၊ အခမ်းအနားကို တိုက်ရိုက်ထုတ်လွှင့်ပြသနေမည်ဖြစ်သည့်အတွက် ဂရုတစိုက်စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း၊ NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသည် အရေးကြီးသည့်အခမ်းအနားတစ်ခုဖြစ်သည့်အတွက် အလေးထားဆောင်ရွက်ရန်လိုကြောင်းဖြည့်စွက်ဆွေးနွေးပြီး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

NCA အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲတွင် ၁၀ နှစ်တာကာလအတွင်း NCA ပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ပြီး အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (Forward Action Plan) ကို ဖော်ထုတ်ရန်၊ အစိုးရနှင့်ပြည်သူလူထုအကြား ယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာနိုင်စေရေးအတွက် NCA နှင့် ပတ်သက်သည့်အသိပညာများ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန်၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ထိရောက်သော ငြိမ်းချမ်းရေးမူဝါဒများ၊ လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ဒေသတွင်းနှင့်နိုင်ငံတကာမှသိမြင်လာစေရန်၊ NCA နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အထိမ်းအမှတ်အလုပ်ရုံဆွေးနွေးပွဲမှရရှိလာသည့် သက်ဆိုင်ရာအခန်းကဏ္ဍ၊ အလွှာအသီးသီးမှ အမြင်သဘောထားများ၊ အကြံပြုချက်များကို စုစည်းပြီး အနာဂတ်မြန်မာနိုင်ငံတော် တည်ဆောက်ခြင်း လုပ်ငန်းစဉ်တွင် ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာမည့် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် ပေါင်းစပ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်နိုင်ရန်တို့ကို မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

NCA နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲမှရရှိလာသည့် သက်ဆိုင်ရာအခန်းကဏ္ဍ၊ အလွှာအသီးသီးမှ အမြင်သဘောထားများ၊ အကြံပြုချက်များကိုစုစည်းပြီး အနာဂတ်မြန်မာနိုင်ငံတော် တည်ဆောက်ခြင်း လုပ်ငန်းစဉ်တွင် ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာမည့် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် ပေါင်းစပ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

---

❐ **(၃၃)ကြိမ်မြောက်မှ**

အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥက္ကါအေး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အလေးမဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် အလေးမပြိုင်ပွဲ အမြန်မနှင့် နှစ်ဆင့်မပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး (၄၈၊ ၅၃၊ ၅၈၊ ၆၃) ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား (၆၀၊ ၆၅၊ ၇၁၊ ၈၈၊ ၉၄၊ +၉၄) ကီလိုတန်းပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများအပြီးတွင် အမျိုးသမီး ၆၃ ကီလိုတန်းနှင့် အမျိုးသား ၉၄ ကီလိုတန်း အမြန်မ၊ နှစ်ဆင့်မပြိုင်ပွဲနှင့် စံချိန်စုစုပေါင်းတို့တွင် မြန်မာပြည်စံချိန်သစ်များတင်နိုင်ခဲ့သည့် သူဇာခင်နှင့် ဝင်းနိုင်ထွန်းတို့ကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုကြေးငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အလေးမအားကစားသမားများ အပြီးသတ်ရွေးချယ်ရေးပြိုင်ပွဲနှင့် Youth Camp မှ လူငယ်အလေးမအားကစားသမားများ စံချိန်ဆန်းစစ်ပြိုင်ပွဲများသို့ နေပြည်တော်တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားလေ့ကျင့်ရေးစခန်း Gold Camp နှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း Youth Camp တို့မှ အလေးမအားကစားသမား စုစုပေါင်းအင်အား ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာခြင်းလုံးအသင်း အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နာယက ဦးစိုးတင့်အား ရုံးအမှတ်(၃၁)ရှိအားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံရာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နာယကက အဖွဲ့ချုပ်၏ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားကာ ဒုတိယဝန်ကြီး၊ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က မြန်မာခြင်းလုံးအသင်း အောင်မြင်မှုရရှိစေရေးအတွက် ဝိုင်းဝန်းဖြည့်စွက်ဆွေးနွေးပြောကြားကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

● **ကျောဖုံးမှအဆက်**

ပြိုင်ပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ (၂) ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းထက်မွန် ၊ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်မှ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူးက လက်ရည်စမ်းပြိုင်ပွဲအတွက် အုပ်စုမဲနှိုက်ပေးပြီး ပြိုင်ပွဲစတင်ကျင်းပရာ အုပ်စု(က)တွင် ဦးပေါက်စ၊ တေဇာအောင်၊ အေးမင်းနှင့် အုပ်စု(ခ)တွင် ဦးအောင်ငွေး၊ ဦးနေသွေးဦး ၊ ကျော်စွာဝင်းတို့ပါဝင်ကာ ပထမပွဲစဉ်(၁)အဖြစ် ဦးပေါက်စနှင့်တေဇာအောင်တို့ကလည်းကောင်း၊ ပွဲစဉ်(၂) အဖြစ် ဦးအောင်ငွေးနှင့် ဦးနေသွေးဦးတို့ကလည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါပြိုင်ပွဲကို အောက်တိုဘာလ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# ငှက်နဲ့လူသား မျှဝေခံစားမြို့ပြများ

**သစ်တောမောင်**




**ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့**

**ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့ (World Migratory Bird Day)** သည် ကမ္ဘာနှင့်အဝှမ်းရာသီအလိုက် မိုင်ရာထောင်ချီပြီး ရွှေ့ပြောင်းပျံသန်းသွားလာနေသော ထူးထူးခြားခြား အံ့သြဖွယ်ငှက်များကို ကာကွယ်ထိန်းသိမ်းရန် ဂုဏ်ပြုသတ်မှတ်ထားသောနေ့ဖြစ်သည်။ တစ်နည်းအားဖြင့် ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့သည် ရွှေ့ပြောင်းငှက်များနှင့် ၎င်းတို့၏နယ်စပ်ဖြတ်ကျော်ခရီးစဉ်များကို ကာကွယ်ပေးရန် ရည်ရွယ်သည့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု လှုပ်ရှားမှုများလည်းဖြစ်သည်။ ငှက်ရွှေ့ပြောင်းရာသီကွာခြားမှုကို အခြေခံပြီး ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့ကို နှစ်စဉ် မေလ ၁၀ ရက်နှင့် အောက်တိုဘာလ ၁၁ ရက်ဟူ၍ တစ်နှစ်လျှင် နှစ်ကြိမ်သတ်မှတ်ထားပြီး ကမ္ဘာ့ရွှေ့ပြောင်းငှက်များထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ၊ အသိပညာပေးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် ဦးတည်ချက်များချမှတ်လျက် အခမ်းအနားများကျင်းပကြသည်။

၂၀၂၅ ခုနှစ်အတွက်ဆောင်ပုဒ်မှာ **ငှက်နဲ့လူသား မျှဝေခံစားမြို့ပြများ**(Shared Spaces: Creating Bird–Friendly Cities and Communities)ဖြစ်သည်။ လူတို့အခြေချနေထိုင်ရာ မြို့ပြများ၊ ရပ်ကွက်များ၊ ကျေးရွာများတွင် ငှက်များအတွက် နေထိုင်ကျက်စားနိုင်သော သဟဇာတမျှတကောင်းမွန်သည့်ဂေဟစနစ်ကိုဖန်တီးပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူသားများအတွက်အကျိုးကျေးဇူးများစွာရှိကြောင်းဖော်ညွှန်းသည့် ဆောင်ပုဒ်ဖြစ်သည်။ လူသားများနှင့် ငှက်များ သဟဇာတမျှတစွာ ပူးတွဲနေထိုင်နိုင်မှု (Coexistence) ပတ်ဝန်းကျင်ကို ဖန်တီးမြှင့်တင်နိုင်ရန် အဓိကရည်ရွယ်သည်။

ရွှေ့ပြောင်းငှက်များအတွက် လုံခြုံစိတ်ချပြီး စားရေရိက္ခာပံ့ပိုးပေးနိုင်သော နေရင်းဒေသများနှင့် ပတ်ဝန်းကျင်များကို စတင်ဖန်တီးခြင်း၊ အဆိုပါနေရာဒေသများကို ထိန်းသိမ်းကာကွယ်ခြင်း၊ မြို့ပြစီမံခန့်ခွဲမှုများ၊ စက်မှုလုပ်ငန်းများ၊ လူနေထိုင်ရာပတ်ဝန်းကျင်များတွင် သဘာဝပတ်ဝန်းကျင်၊ သစ်တောသစ်ပင်များနှင့် ငှက်များကို ထိခိုက်မှုများအနည်းဆုံးဖြစ်အောင် စီမံခန့်ခွဲရေးနည်းလမ်းများ ဖော်ဆောင်ခြင်းဖြင့် ငှက်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ပြီး ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးကျေးဇူးများကို ဖော်ဆောင်နိုင်ရန်လည်း ရည်ရွယ်သည်။

**ရွှေ့ပြောင်းငှက်များ ပျံသန်းရာလမ်းကြောင်း**

မြန်မာနိုင်ငံသည် အရှေ့အာရှ-ဩစတြေးလျဒေသ ငှက်ပျံသန်းရာလမ်းကြောင်း (East Asian–Australasian Flyway Site Network–EAAF)နှင့် ဗဟိုအာရှလမ်းကြောင်း (Central Asian Flyway– CAF)တို့တွင်ကျရောက်သဖြင့်လည်းကောင်း၊ သဘာဝဂေဟစနစ်များကောင်းမွန်ပြီး အစားအစာများနှင့် နားခိုရာနေရာပေါများသော ရေဝပ်ဒေသများပေါများသောကြောင့် လည်းကောင်း၊ ဘေးကင်းလုံခြုံစိတ်ချရသောနေရာဒေသပတ်ဝန်းကျင်ကောင်းဖြစ်၍လည်းကောင်း ရွှေ့ပြောင်းငှက်များ၊ ဆောင်းခိုငှက်များ နှစ်စဉ်လာရောက်နားခိုကြသည်။

ငှက်များတွင် သတ္တုကွင်းတပ်ပြီး ခြေရာခံခြင်း (Ringing)၊ ပထဝီတည်နေရာပြကိရိယာဖြင့် ခြေရာခံခြင်း (Geolocator Tracking)နှင့် ဂြိုဟ်တုစနစ်ဖြင့်ခြေရာခံခြင်း (Satellite Tracking) နည်းလမ်းများကိုအသုံးပြုပြီး ရွှေ့ပြောင်းငှက်များ၏ ပျံသန်းမှုလမ်းကြောင်း၊ အပြုအမူ၊ သားပေါက်မှုပုံစံများနှင့် ခရီးတစ်ထောက်နားခိုရာနေရာများ (Stopover Sites)ဆိုင်ရာ အချက်အလက်များကို သိရှိနိုင်ပြီဖြစ်သည်။ ရွှေ့ပြောင်းငှက်များသည် အရှေ့အာရှ-ဩစတြေးလျဒေသ ငှက်ပျံသန်းရာလမ်းကြောင်း (EAAF)နှင့် ဗဟိုအာရှလမ်းကြောင်း (CAF) လမ်းကြောင်းနှစ်ခုလုံးကို အသုံးပြုပျံသန်းကြပြီး တချို့ငှက်မျိုးစိတ်များမှာ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှသို့ ရောက်ရှိရန် မိုင်ပေါင်း ထောင်သောင်းချီ ပျံသန်းလာကြရပြီး ရှည်လျားမတ်စောက်မြင့်မားသော ဟိမဝန္တာတောင်တန်းကို ဖြတ်ကျော် ပျံသန်းလာကြရကြောင်း သုတေသနတွေ့ရှိချက်များအရသိရသည်။

**ကမ္ဘာ့ရွှေ့ပြောင်းငှက်များ နားခိုရာနေရာဒေသများ**

ကမ္ဘာ့ရွှေ့ပြောင်းငှက်များ၊ ဆောင်းခိုငှက်များသည် ကောက်ပဲသီးနှံများ၊ ငါး၊ ပုစွန် အပါအဝင် ရေသတ္တဝါငယ်များ၊ မြေတွင်းအောင်းသတ္တဝါများ အစရှိသည့် အစားအစာပေါများပြီး လုံခြုံစိတ်ချစွာ နားခိုနိုင်ရာ၊ သားပေါက်ပွားရန် သစ်ပင်သစ်တောများရှိရာ ရေဝပ်ဒေသများတွင် အများဆုံးနားခိုကြသည်။ ရေဝပ်ဒေသများဆိုသည်မှာ ဒီရေကျချိန်တွင် ရေအနက်ခြောက်မီတာထက် ပိုမနက်သည့် အဏ္ဏဝါရေပြင်များအပါအဝင် ရေသေ သို့မဟုတ် စီးဆင်းနေသော ရေချို၊ ရေငန်၊ ဆားငန်ရေများရှိသော ယာယီ သို့မဟုတ် အမြဲတမ်းရှိနေသော သဘာဝ သို့မဟုတ် လူတို့ပြုလုပ် ဖန်တီးထားသော ရွှံ့ညွန်မြေ၊ သစ်ဆွေးမြေ၊ စိမ့်မြေနှင့် ရေပြင်ဧရိယာများဖြစ်သည်။

ရေဝပ်ဒေသများတွင် မြစ်၊ ချောင်းများ၊ အင်း၊ အိုင်၊ ကန်နှင့်ရေအောင်းလွှာများ၊ နွံအိုင်များနှင့် ရွှံ့မြေများ၊ စိုစွတ်သည့် မြက်ခင်းလွင်ပြင်များ၊ ပင်လယ်သဲသောင်ကမ်းပါးများ၊ ကမ်းလွန်ကျွန်းစုငယ်များ၊ ပင်လယ်ဝဧရိယာများနှင့် မြစ်ဝကျွန်းပေါ်ဒေသများ၊ ဒီရေရောက်ကမ်းခြေများ၊ ဒီရေတောများ၊ ကမ်းရိုးတန်းဒေသများ၊



သန္တာကျောက်တန်းများ၊ ငါးကန်၊ ပုစွန်ကန်များ၊ စပါးကွင်းများ၊ ဆားကွင်းများ၊ ဆည်ရေလှောင်တမံများ၊ ဆည်ရေသောက်ဧရိယာများ စသည့်နေရာများပါဝင်သည်။

မြန်မာနိုင်ငံတွင် စာရင်းကောက်မှတ်တမ်းတင်ထားသော ရေဝပ်ဒေသပေါင်း ၉၉ ခုရှိသည့်အနက် နိုင်ငံတကာအသိအမှတ်ပြု "ရမ်ဆာ (Ramsar) ရေဝပ်ဒေသများ" မှာ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မုတ္တမပင်လယ်ကွေ့ဒေသ(မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအပိုင်း)၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝဒေသ၊ ပြူကန်ရေဝပ်ဒေသတို့ဖြစ်ပြီး နိုင်ငံတကာအသိအမှတ်ပြုရေဝပ်ဒေသစုစုပေါင်း ဧရိယာ ၂၇၈၆၉၇ ဟက်တာကျော်ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ ဧရာဝတီမြစ် စဥ့်ကူး-ပုဂံအပိုင်း ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနယ်မြေ၊ ခန္တီးမြို့အနီး ချင်းတွင်းမြစ်အထက်ပိုင်းဒေသတို့သည် အလွန်အရေးပါသော ရေဝပ်ဒေသများဖြစ်သည်။ မြန်မာနိုင်ငံ၌ အဆိုပါရေဝပ်ဒေသများတွင် ကမ္ဘာ့ရွှေ့ပြောင်းငှက်များ၊ ဆောင်းခိုငှက်များသည် အများဆုံးနားခိုလေ့ရှိကြောင်း လေ့လာသိရှိရသည်။

**မြန်မာနိုင်ငံတွင်တွေ့ရသော ရွှေ့ပြောင်းငှက်များ**

"အိမ်သာလျှင်ဧည့်လာသည်" ဆိုစကားနှင့်အညီ မြန်မာနိုင်ငံသည် ရွှေ့ပြောင်းငှက်များအတွက် ခေတ္တနားခိုရာနေရာ၊ ဆောင်းခိုရာနေရာ၊ သားပေါက်ရာနေရာများဖြစ်သည့် ဂေဟစနစ်အရအရေးပါသော ရေဝပ်ဒေသများပေါများသဖြင့် ဒေသမျိုးရင်း ဌာနေငှက်မျိုးစိတ်များ ပေါကြွယ်ဝသကဲ့သို့ ကမ္ဘာ့အအေးပိုင်းဒေသများမှ ဆောင်းခိုငှက်များ၊ ရွှေ့ပြောင်းငှက်များလည်း နှစ်စဉ်လာရောက်သည်ကို တွေ့နိုင်သည်။ သစ်တောဦးစီးဌာန၏ နှစ်စဉ် ငှက်စာရင်းကောက်ယူမှုများအရ မြန်မာနိုင်ငံသို့လာရောက်သော ရွှေ့ပြောင်းငှက်မျိုးစိတ်များနှင့် အရေအတွက်ကို အောက်ဖော်ပြပါအတိုင်း တွေ့ရသည်-

- မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ၂၀၂၄ ခုနှစ်တွင် ငှက်မျိုးစိတ် ၁၃၈ မျိုး၊ ကောင်ရေ ၄၈၄၆၄ ကောင်နှင့် ၂၀၂၅ ခုနှစ် (ဇန်နဝါရီလမှစက်တင်ဘာလအထိ) ငှက်မျိုးစိတ် ၁၄၉ မျိုး၊ ကောင်ရေ ၄၉၇၈၂ ကောင်လေ့လာတွေ့ရှိရသည်။
- အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၌ ၂၀၂၄ ခုနှစ်တွင် ငှက်မျိုးစိတ် ၁၃၅ မျိုး၊ ကောင်ရေ ၁၈၈၇၀ ကောင်နှင့် ၂၀၂၅ ခုနှစ် (ဇန်နဝါရီလမှ စက်တင်ဘာလအထိ) ငှက်မျိုးစိတ် ၁၂၂ မျိုး၊ ကောင်ရေ၂၄၂၄၀ ကောင်လေ့လာတွေ့ရှိရသည်။
- မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၌ ၂၀၂၄ ခုနှစ်တွင် ငှက်မျိုးစိတ် ၁၄၀ မျိုး၊ ကောင်ရေ ၇၈၂၅ ကောင်နှင့် ၂၀၂၅ ခုနှစ် (ဇန်နဝါရီလမှ စက်တင်ဘာလအထိ) ငှက်မျိုးစိတ် ၁၀၇ မျိုး၊ ကောင်ရေ ၁၀၆၀၆ ကောင်လေ့လာတွေ့ရှိရသည်။
- အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၌ ၂၀၂၄ ခုနှစ်တွင် ငှက်မျိုးစိတ် ၆၅ မျိုး၊ ကောင်ရေ ၁၂၀၂၇၈ ကောင်နှင့် ၂၀၂၅ ခုနှစ် (ဇန်နဝါရီလမှ စက်တင်ဘာလအထိ)ငှက်မျိုးစိတ် ၄၇ မျိုး၊ ကောင်ရေ ၆၉၀၃၂ ကောင်တို့ နေထိုင်ကျက်စားကြောင်းလေ့လာတွေ့ရှိရသည်။

ရွှေ့ပြောင်းငှက်များ၊ ဆောင်းခိုငှက်မျိုးစိတ်များသည် မြန်မာနိုင်ငံရှိ ရေဝပ်ဒေသများသို့ နှစ်စဉ် အောက်တိုဘာလမှ ဧပြီလအထိ ကျရောက်ကျက်စားကြသည်။ အဆိုပါ ငှက်မျိုးစိတ်များအနက် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်စာရင်းဝင်နှင့် အပြည်ပြည်ဆိုင်ရာသဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature–IUCN) ၏ Red list စာရင်းဝင်ဖြစ်သော ကမ္ဘာ့ရှားပါးငှက်မျိုးစိတ်များဖြစ်သည့် မျိုးသုဉ်းလုနီးအန္တရာယ်ရှိနေသောမျိုးစိတ် ရေညှော်နှုတ်သီးဝိုင်း (Spoon–billed Sandpiper–Calidris pygmaea : CR)၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ် နော်မန်ခြေစိမ်း (Nordmann's greenshank – Tringa guttifer: EN)၊ နေဇ (Great Knot – Calidris tenuirostris : EN)၊ မျိုးသုဉ်းရန်ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသောမျိုးစိတ် အမြီးနက်ဂေါ့ဒွစ် (Black–tailed Godwit – Limosa limosa: NT) များသည် မုတ္တမပင်လယ်ကွေ့ဒေသ၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝ၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများတွင် တွေ့ရှိရသည်။

မျိုးသုဉ်းလုနီးအန္တရာယ်ရှိနေသော မျိုးစိတ်ပို့ချပ်ခေါင်းစိမ်း (Baer's Pochard – Aythya baeri : CR)၊ မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ် ပို့ချပ်ဘဲ (Common Pochard – Aythya ferina : VU)၊ မျိုးသုဉ်းရန်ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသောမျိုးစိတ် ဘဲနီစပ် (Ferruginous Pochard – Aythay nyroca : NT)၊ ခရုစုတ်အနက် (Black–headed Ibis –Threskiornis melanocephalus : NT)၊ နှုတ်သီးကောက်ကြီး (Eurasian Curlew – Numenius arquata : NT)၊ ဘဲတောင်ရှည် Falcated Duck– Anas falcate : NT)နှင့် ဌာနေ ရေပျော်ငှက်များတွင် မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ် ကြိုးကြာခေါင်းနီ (Sarus Crane – Antigone Antigone : VU)၊ မျိုးသုဉ်းရန်ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသောမျိုးစိတ် ငှက်ကြီးဝန်ပို (Spot–billed Pelican– Pelecanus philippensis : NT)၊ ဥပန်း (Oriental Darter– Anhinga melanogaster: NT) မျိုးစိတ်များအား အင်းတော်ကြီး၊ မိုးယွန်းကြီးအင်းနှင့် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် တွေ့ရှိနိုင်သည်။

**ကမ္ဘာ့ရွှေ့ပြောင်းငှက်များနှင့် ငှက်ကြည့်ခရီးသွားလုပ်ငန်း (Bird Watching Tourism)**

ငှက်ကြည့်ခရီးသွားလုပ်ငန်း (Bird Watching Tourism)ကို Avitourism သို့မဟုတ် Birding ဟုလည်း ခေါ်ဆိုကြပြီး **စာမျက်နှာ ၁၄ သို့** ●

● စာမျက်နှာ ၁၃ မှအဆက်

ငှက်မျိုးစိတ်များကို ၎င်းတို့၏ မူလနေထိုင်ကျက်စားရာဒေသများတွင် ငှက်များ၏ သဘာဝအတိုင်းနေထိုင်ကျက်စားမှုများ၊ ထူးခြားသော လက္ခဏာရပ်များကို လေ့လာကြည့်ရှုရန်ရည်ရွယ်သော ခရီးသွားလုပ်ငန်းအမျိုးအစားတစ်ခုဖြစ်သည်။ ဒေသတွင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အီရန်နိုင်ငံ စသည့်နိုင်ငံတို့တွင် ငှက်ကြည့်ခရီးသွားလုပ်ငန်း (Bird Watching Tourism) သည် အောင်မြင်သော သဘာဝအခြေခံ ခရီးသွားလုပ်ငန်းတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ငှက်ကြည့်ခရီးသွားလုပ်ငန်း (Bird Watching Tourism)သည် အများအားဖြင့် ရေဝပ်ဒေသများကို အခြေခံသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းတစ်ခုဖြစ်သည်။ ရေဝပ်ဒေသများသည် ၎င်းတို့အပေါ်တွင် မှီတင်းနေထိုင်သည့် ငှက်မျိုးစိတ်များ၊ ရွှေ့ပြောင်းငှက်များနှင့် ဆောင်းခိုငှက်များအား စိတ်ဝင်စားစွာလေ့လာလျက်ရှိသည့် ငှက်ဝါသနာရှင်များ၊ သိပ္ပံပညာရှင်များအတွက် မဖြစ်မနေသွားရောက်လေ့လာရသည့်နေရာဒေသများဖြစ်သည်။

ရေဝပ်ဒေသများသည် ငှက်ကြည့်ခရီးသွားလုပ်ငန်း (Bird Watching Tourism) အတွက် အချက်အချာကျသော နေရာဒေသများဖြစ်သည်။ ဥပမာ-နေပြည်တော် ပေါင်းလောင်းဆည် ပတ်ဝန်းကျင်တွင် ဒေသမျိုးရင်း ဌာနေငှက်များဖြစ်သည့် တစ်တီတူး၊ ဗျိုင်း၊ မောက်ယောင်သိမ်း၊ ပုစဉ်းထိုး၊ ငှက်ခါး၊ ဗွတ်ဖင်နီငှက်များ၊ ရွှေ့ပြောင်းငှက်များဖြစ်သည့် ဝန်လက်၊ ရေညှောင့်ကောင်၊ မိုးကောင်းငှက်၊ တင်ကျီး၊ ဥပန်းငှက်များ၊ ဆင်သေဆည် ပတ်ဝန်းကျင်တွင် ဒေသမျိုးရင်းဌာနေငှက်မျိုးစိတ်များဖြစ်သည့် စစ်စလီ၊ စစ်စလီကြီး၊ နဖားကြျုး၊ မိုးဆွေငှက်၊ ဘုတ်ကြီး၊ ဟောစ်ငှက်များ၊ ရွှေ့ပြောင်းငှက်များဖြစ်သည့် ဥပန်း၊ ခရုစုတ်၊ တစ်တီတူးခေါင်းမွဲ၊ တလိုင်းလေး၊ စာဝါကျားငှက်မျိုးစိတ်များ၊ ငလိုက်ဆည်ပတ်ဝန်းကျင်တွင် ဌာနေငှက်များဖြစ်သည့် ထစီးမှုတ်၊ ဗျိုင်း၊ ပိန်ညင်းရင်ဖြူ၊ ပုစဉ်းထိုး၊ မိုးစာငှက်မျိုးစိတ်များ၊ ရွှေ့ပြောင်းငှက်များဖြစ်သည့် ငှက်တော်၊ ငှက်မည်းတူး၊ ချိုးနီပု၊ ချိုးသိမ်းမျိုးစိတ်များကို လေ့လာတွေ့ရှိနိုင်သည်။

ကမ္ဘာ့ရွှေ့ပြောင်းငှက်များ၊ ဆောင်းခိုငှက်များ၊ ဌာနေငှက်များကိုအခြေပြုလျက် ငှက်အခြေခံခရီးသွားလုပ်ငန်းနှင့် ဒေသဆိုင်ရာယဉ်ကျေးမှု၊ အမွေအနှစ်အချက်အလက်များကို ဆက်စပ်ပေးခြင်း၊ အားပေးမြှင့်တင်ခြင်းဖြင့် ဆောင်းခိုငှက်များ ကာကွယ်ထိန်းသိမ်းရေးနှင့် ရေဝပ်ဒေသများ၏တန်ဖိုးကိုလည်း အများပြည်သူ ပိုမိုသတိထားမိစေနိုင်မည်ဖြစ်သည်။ ထို့ပြင် ငှက်ကြည့်ခရီးသွားလုပ်ငန်းသည် ဒေသခံများ၏ မိမိတို့ဒေသအပေါ်ဂုဏ်ယူစိတ်နှင့် ချစ်မြတ်နိုးစိတ်ကို ပိုမိုဖြစ်ထွန်းစေပြီး ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**ကျေးငှက်များနားခိုရာ မြို့ပြသစ်တောများနှင့် စိမ်းလန်းမြေများ**

မြို့ပြသစ်တောများ (Urban Forests) နှင့် အစိမ်းရောင်မြို့ပြများ (Green City) သည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော မြို့ပြများအတွက် မရှိမဖြစ်အရေးကြီးသော အစိတ်အပိုင်းများဖြစ်သည်။ ကျေးရွာမြို့ပြများ၊ ကျေးရွာပတ်ဝန်းကျင်များတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ ဒေသမျိုးရင်းသီးပင်စားပင်၊ အရိပ်ရအပင်များကို စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် အဆိုပါ ကျေးရွာ၊ ရပ်ကွက်၊ မြို့ပြများတွင် အပူချိန် ၈ ဒီဂရီဆဲလ်စီးယက်အထိ လျှော့ချနိုင်ပြီး မြို့ပြဝန်းကျင်စိမ်းလန်းစိုပြည်ပြီး ရာသီဥတုမျှတကောင်းမွန်စေနိုင်သည်။

ကျေးရွာနှင့် မြို့ပြပတ်ဝန်းကျင်တွင် စိုက်ပျိုးထားသော သစ်ပင်များသည် တည်ဆောက်ရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ အမှိုက်နှင့်စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများမီးရှို့ခြင်း၊ မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ယန္တရားအသီးသီးတို့မှ ထုတ်လွှတ်လိုက်သည့် အလွန်သေးငယ်သည့် အမှုန်အမွှားများ၊ လေထုအတွင်းရှိအန္တရာယ်ဖြစ်စေသည့်ညစ်ညမ်းမှုများကို သန့်စင်ဖယ်ရှားပေးနိုင်သည်။ သစ်ပင်သစ်တောများ၊ တစ်အုပ်တစ်မစိုက်ခင်းများသည် အပင်များ၊ တိရစ္ဆာန်ငယ်များ၊ ဌာနေငှက်များ၊ ရွှေ့ပြောင်းငှက်များအတွက် နားခိုရာနေရာ၊ အကာအကွယ်နှင့် အစားအစာများ ထောက်ပံ့ပေးနိုင်ပြီး ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားစေနိုင်သည်။ တစ်အုပ်တစ်မသစ်ပင်သစ်တောများ၊ သစ်မျိုးစုံစိုက်ခင်း၊ မြို့ပြဥယျာဉ်ငယ်များ၊ ရုက္ခဗေဒဥယျာဉ်များ စိုက်ပျိုးတည်ထောင်ထားရှိခြင်းဖြင့် ဌာနေငှက်များ၊ ရွှေ့ပြောင်းငှက်များ ပိုမိုတိုးပွားလာပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်သည်။

**ဌာနေငှက်များနှင့် ရွှေ့ပြောင်းငှက်များအတွက် အဓိကခြိမ်းခြောက်မှုများ**

ရွှေ့ပြောင်းငှက်များ (Migratory birds) နှင့် ဌာနေငှက်များ(Resident birds) နှစ်မျိုးလုံးအတွက် ခြိမ်းခြောက်မှုများ၊ အန္တရာယ်များကျရောက်မှု တူညီသကဲ့သို့ ကွာခြားသည်များလည်းရှိပြီး အဓိကခြိမ်းခြောက်မှုများကို အောက်ပါအတိုင်း တွေ့နိုင်သည်-

- ❖ သစ်တောများနှင့် ရေဝပ်ဒေသဂေဟစနစ်များ ပျက်စီးပြုန်းတီးခြင်း၊ စိုက်ပျိုးမြေများ ကျယ်ပြန့်လာခြင်း၊ ဖွံ့ဖြိုးမှုဆိုင်ရာအဆောက်အအုံများတိုးချဲ့လာမှုကြောင့် သဘာဝနားခိုရာ၊ သားပေါက်ရာနေရာများပျက်စီးခြင်း အပါအဝင် နေရင်းဒေသများဆုံးရှုံးခြင်း၊
- ❖ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးလေဝသဖြစ်စဉ်များ ကမောက်ကမဖြစ်ပေါ်ခြင်း၊ ရေကန်များ ခြောက်ခန်းခြင်း၊ မြစ်ချောင်းများ ရေနည်းလာခြင်းနှင့် တိမ်ကောခြင်း၊ အစားအစာရရှိမှုလျော့နည်းလာခြင်း၊
- ❖ တောမီးလောင်ကျွမ်းခြင်းကြောင့် ငှက်များအတွက်နားခိုရာ၊ သားပေါက်ရာနေရာများ ပျက်စီးခြင်း၊
- ❖ ပလတ်စတစ်အမှိုက်များနှင့် ဓာတုညစ်ညမ်းမှုများကြောင့် ငှက်များသေဆုံးခြင်း၊
- ❖ ငှက်များအား စီးပွားဖြစ် ဖမ်းဆီးရောင်းချခြင်း၊
- ❖ မြို့ပြဖွံ့ဖြိုးမှုနှင့်အတူ ဖွံ့ဖြိုးလာသော အထပ်မြင့်တိုက်များ၊ တာဝါတိုင်များနှင့် ငှက်များတိုက်မိခြင်း၊ အဆောက်အအုံမှန်များ၏ ရောင်ပြန်မှုများကြောင့် လမ်းမှားခြင်းနှင့် ထိခိုက်မိခြင်း။

**ငှက်များနှင့် သဟဇာတဖြစ်သော ပတ်ဝန်းကျင် (Bird–Friendly Environment)**

ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့သည် ကျေးရွာ၊ ရပ်ကွက်များမှ မြို့ပြများအထိ လူနေထိုင်ရာအဖွဲ့အစည်းတိုင်း ရွှေ့ပြောင်းငှက်များအားကာကွယ်ရန်နှင့် ကူညီပံ့ပိုးနိုင်ရန်အတွက် အသိပညာပေးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အရေးပါသော အခန်းကဏ္ဍကို မီးမောင်းထိုးပြထားသည်။ ငှက်များနှင့် သဟဇာတဖြစ်သောပတ်ဝန်းကျင် (Bird–Friendly) များ ဖန်တီးခြင်း၊ ကောင်းမွန်သောမြို့စီမံခန့်ခွဲမှုများဖြစ်စေရန်ဆောင်ရွက်ခြင်း၊ လုံခြုံစိတ်ချသော ငှက်များနားခိုရာ၊ သားပေါက်ရာ နေရင်းဒေသများ ဖန်တီးခြင်း၊ စွန့်ပစ်အမှိုက်များ၊ အညစ်အကြေးစွန့်ပစ်မှုများ စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်ခြင်း၊ အဆောက်အအုံနှင့် တပ်ဆင်ထားသောမှန်များကြောင့် ငှက်များနှင့် ပွတ်တိုက်မှုဖြစ်ပြီး ငှက်များထိခိုက်သေဆုံးနိုင်သောကြောင့် အဆောက်အအုံပုံစံကို ကြိုတင်တွက်ချက် ကာကွယ်ဆောင်ရွက်ခြင်းစသည့်လုပ်ထုံးလုပ်နည်းများကိုလက်ခံအသုံးချခြင်းဖြင့် လူနေထိုင်ရာနေရာဒေသများသည် ရွှေ့ပြောင်းငှက်များနားခိုနိုင်ရေး၊ ကျန်းမာရေးနှင့် ဘဝရှင်သန်ရပ်တည်ရေးကို အထောက်အကူပြုနိုင်သည်။

**"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"** ဟူသည်နှင့်အညီ ဒေသမျိုးရင်းအပင်များ စိုက်ပျိုးခြင်း၊ ရထားလမ်းနှင့် ကားလမ်းဘေး ဝဲ၊ ယာ အရိပ်ရအပင်များစိုက်ပျိုးခြင်း၊ တောင်ကုန်းတောင်ထိပ်များတွင် သစ်ပင်စိုက်ပျိုးခြင်း၊ ကမ်းရိုးတန်းဒီရေတောများ စိုက်ပျိုးခြင်း၊ အပူပိုင်း (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်များပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ဂေဟစနစ်အမျိုးမျိုးတွင် မှီခိုနေထိုင်သော ဌာနေငှက်များနှင့်ရာသီအလိုက်ရွှေ့ပြောင်းငှက်များအတွက်လည်း အကျိုးပြုနိုင်မည်ဖြစ်သည်။ ထို့ပြင် ရေအရင်းအမြစ်များထိန်းသိမ်းခြင်း၊ ရေဝေရေလဲဧရိယာများတွင် ကျေးငှက်တိရစ္ဆာန်များ စားသုံးနိုင်သော သီးပင်၊ စားပင်များစိုက်ပျိုးခြင်း၊ ပြည်သူများနှင့် မျှဝေသုံးစွဲသည့် နေရာများကို ဖန်တီးခြင်း၊ ငှက်များအတွက် အန္တရာယ်ဖြစ်စေနိုင်သောဓာတုပစ္စည်းများ သုံးစွဲမှုများကိုမသုံးစွဲခြင်း၊ ငှက်များကိုနည်းလမ်းမျိုးစုံဖြင့် ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ငှက်များခိုနားရာ၊ သားပေါက်ရာ နေရင်းဒေသများကို ဖျက်ဆီးခြင်း၊ ပျက်စီးစေသည့် လုပ်ငန်းများကို တားဆီးကာကွယ်ခြင်း၊ ငှက်များအတွက် သင့်တင့်လုံခြုံသော ပတ်ဝန်းကျင်များကို ဖန်တီးခြင်းဖြင့် မိုင်ထောင်သောင်းချီ ရှည်လျားသော ခရီးစဉ်ကို ပျံသန်းရင်း ခေတ္တနားခိုလာသော ရွှေ့ပြောင်းငှက်များအတွက် ကူညီပေးနိုင်သည့်အပြင် ဌာနေငှက်များအတွက်ပါ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်များ ပိုမိုတည်ငြိမ်ပြီး နိုင်ငံတော်တစ်ဝန်း သာယာလှပလာမည်ဖြစ်သည်။ ထို့ကြောင့်အောက်တိုဘာလ ၁၁ ရက်တွင် ကျရောက်မည့် **ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့ (World Migratory Bird Day)** ဆောင်ပုဒ်ဖြစ်သည့် **"ငှက်နဲ့လူသား မျှဝေခံစားမြို့ပြများ"** ဆိုသည်နှင့်အညီ **"ငှက်များနှင့် သဟဇာတဖြစ်သောပတ်ဝန်းကျင်"** ကိုဖန်တီးပြီး ဌာနေငှက်များနှင့် ကမ္ဘာ့ရွှေ့ပြောင်းငှက်များကို ကာကွယ်စောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်တင်ပြလိုက်ရပါသည်။ ။

# ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး



ပဲခူး အောက်တိုဘာ ၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သီရိဟံသာခန်းမ၌ အောက်တိုဘာလ ၉ ရက် နံနက်ပိုင်းတွင် ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးနည်းပညာပေးဆွေးနွေးပွဲကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း စားသုံးသူများအတွက် အန္တရာယ်ဖြစ်စေနိုင်သည့်သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု ဒွန်တွဲတွေ့ရှိလာရသည့်အတွက် ပိုးသတ်ဆေးဓာတ်ကြွင်းလျော့ကျကင်းစင်စေရေး အထူးအလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်လင်းနှင့် ဒေါက်တာခင်ခင်မာလာမြင့်တို့က သီးနှံကာကွယ်ရေးဆိုင်ရာအသိပညာများကိုလည်းကောင်း၊ ဒေါက်တာ ရီရီချိုက မျိုးစေ့ထုတ်ခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာအသိပညာများကိုလည်းကောင်း၊ ဒေါက်တာဝင်းသန်းက ပိုးမွှားရောဂါအကြောင်းသိကောင်းစရာနှင့် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာအသိပညာများကိုလည်းကောင်း၊ ဒေါ်မြင့်မြင့်မော်က လယ်ယာမြေပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာအသိပညာများကိုလည်းကောင်း၊ ဒေါက်တာခင်အေးပွင့်ခိုင်က ပေါင်းမြက်ကြောင့် သီးနှံအထွက်နှုန်းထိခိုက်မှုဆိုင်ရာ အသိပညာများကိုလည်းကောင်း အသီးသီး ဆွေးနွေးပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)ရှိ မြို့နယ် ၁၄ မြို့နယ်မှ တောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာရောင်းချသည့် ကုမ္ပဏီများ၊ ပို့ကုန်လိုင်စင်ရကုမ္ပဏီများနှင့် စိုက်ပျိုးရေးပညာရှင်များ စုစုပေါင်း ၂၀၀ ဦးကျော် တက်ရောက်ကြသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ပေးနိုင်ရေးနှင့် ပိုးသတ်ဆေးကင်းစင်ပြီး အရည်အသွေးကောင်းမွန်သည့် စိုက်ပျိုးရေးထုတ်ကုန်များထွက်ပေါ်လာစေရေး၊ အကျိုးအမြတ်ပိုမိုရရှိစေရေး ရည်ရွယ်၍ မြို့နယ်များအလိုက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ဥဿာတိုင်းသား

# ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ တတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာဆက်လက်ကျင်းပလျက်ရှိသည်။






ယနေ့တွင် **“မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ









အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဆင့်ရရင့် ငယ်လေ (ပတ်ပျိုး)” သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ပပဝင်းဝင်း (ပတ်ပျိုး)” သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ထို့ပြင် **မြန်မာအကအခြေခံ ကဗျာလွတ်အက (ပထမ)အဆင့်ပြိုင်ပွဲ**ကို ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မရှေးမြာနှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မဖူးပွင့်ကဗျာနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မဖူးပြည့်သဇင်နှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မယွန်းပြည့်ဝေနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မချိုချိုအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မချောစုသွယ်နှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မသွန်းသက်မှူးစံနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မပန်ဆုပြည့်ကျော်နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ မဟန်သီဦးနှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မနန်းမိုးစက်စက်ဝင်းနှင့် အဖွဲ့၊ ကချင်ပြည်နယ်မှ မယိမ်းဆွမ့်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မယွန်းဝေဝေလွင်နှင့်အဖွဲ့နှင့် မကွေးတိုင်းဒေသကြီးမှ မထွန်းရတနာပိုနှင့်အဖွဲ့တို့က ကဗျာလွတ်ကကြိုးကကွက်များကို အဖွဲ့လိုက်ညီညာလှပကျွမ်းကျင်ပိုင်နိုင်စွာ ကပြယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် **အလွတ်တန်းအဆင့်တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်ရိုးရာအကပြိုင်ပွဲ**ကို ဆက်လက်ကျင်းပရာ ထားဝယ်ရိုးရာယဉ်ကျေးမှုအကအဖွဲ့က ထားဝယ်ရိုးရာယန်းအကကို စံပြအနေဖြင့် ဦးစွာ ကပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်အဖွဲ့များဖြစ်သည့် မွန်ပြည်နယ်မှ မောင်ထွန်းထွန်းနိုင်နှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မောင်သန်းထွန်းဦးနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မောင်အောင်လှသိန်းနှင့်အဖွဲ့၊ ကချင်ပြည်နယ်မှ မကေသွယ်စိုးနှင့်အဖွဲ့၊ ကယားပြည်နယ်မှ မောင်သန်းကြွယ်လင်းနှင့်အဖွဲ့၊ ချင်းပြည်နယ်မှ မမိုးသဲဖြူထွန်းနှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မောင်လွင်မိုးသူနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မချစ်မြတ်နိုးဇော်နှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မောင်စည်သူအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ခန့်လင်းမြတ်နှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မောင်စံမင်းသူနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မသက်မိုစံနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဖြိုးဝေစိုးနှင့်အဖွဲ့တို့က “ပြည်ထောင်စုအတွက်သမိုင်းပေးသစ္စာ” သီချင်းတေးသွားနှင့် ထားဝယ်ရိုးရာကကြိုးကကွက်များကို ပေါင်းစပ်ကာ မြိုင်မြိုင်ဆိုင်ဆိုင်ကပြယှဉ်ပြိုင်ကြသည်။

ထို့အတူ **အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ **အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား/ အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“ကျောင်းနေစဉ်”** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသား/အမျိုးသမီးပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“လူချွန်လူကောင်းတို့ဂုဏ်ရည်”** ခေါင်းစဉ်ဖြင့်လည်းကောင်း ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

**အလားတူ ပတ္တလားအတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဇမ္ဗူရောင်ကွန့်(ဘွဲ့)” သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “သီလာမြေယံ(ကြိုး)” သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “နှင်းယွန်းခါ ဟေမာန်(ယိုးဒယား)” သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်း သာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့ပြင် **နှဲပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “မင်္ဂလာသီရိ(ဘွဲ့)” သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လွမ်းဘွဲ့စေ(ပတ်ပျိုး)” သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “လာချေပြီ(ကြိုး)” သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် **ပလွေပြိုင်ပွဲ**ကို ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဂန္ဓမာတောင် (ဘွဲ့)” သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှေဘုန်းရွှေဘုန်းတော် လေတည့်မှ(ကြိုး)” သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဝေဇယန်နှင့်နန်းငြေး(ကြိုး)” သီချင်းဖြင့်လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ထို့အတူ **ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ**ကို ပုဗ္ဗသီရိခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင်တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ယနေ့ ပြိုင်ပွဲတတိယနေ့၌ သတ်မှတ်နေရာများတွင် ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင်နေမှုများကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်ကျောင်းသား၊ကျောင်းသူများက လာရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို အောက်တိုဘာလ ၇ ရက်မှ ၁၃ ရက်အထိ ကျင်းပလျက်ရှိပြီး မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

မြဝတီ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားတက်ရောက်



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ ကျန်းမာရေးကဏ္ဍလုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ ဆုပေးအပ်ချီးမြှင့်စဉ်။




မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယကပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ တိုင်းဒေသကြီး/ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ (၅)နှစ်အောက်ကလေးငယ်များအား အမီလိုက်ကာကွယ်ဆေးများတိုက်ကျွေးပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၉

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၃၄)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ(၁) MICC 1 ၌ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းနှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းတို့မှ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် (၆၀ ရာခိုင်နှုန်း)ကျော်သည် မိခင်နှင့်ကလေးများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ မိခင်သေနှုန်း၊ မွေးကင်းစတစ်နှစ်အောက်နှင့် ငါးနှစ်အောက် ကလေးများသေနှုန်းသည် နိုင်ငံတော်၏အရေးကြီးသည့် ကျန်းမာရေးအညွှန်းကိန်းတစ်ခုဖြစ်ပါကြောင်း၊ မိခင်နှင့်ကလေးသေဆုံးမှုနှုန်းကို လျှော့ချနိုင်သည်နှင့် အတူမိမိတို့နိုင်ငံ၏မျှော်မှန်းလူ့သက်တမ်းသည်လည်း မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက မိခင်နှင့်ကလေးကျန်းမာရေးကိစ္စ၊ ပြည်သူတစ်ရပ်လုံးကျန်းမာပြီးသက်တမ်းရှည်စွာနေနိုင်ရေး ကိစ္စများကို ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စရပ်များအဖြစ် လမ်းညွှန်ထားရှိပါကြောင်း။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရဲ့ မေတ္တာစမ်းရေဆေးခန်း အပါအဝင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သားဖွားခန်းများဖွင့်လှစ်ပြီး ကိုယ်ဝန်ဆောင်မိခင်များကို စောင့်ရှောက်ခြင်း၊ အန္တရာယ်ကင်းစွာမွေးဖွားပေးခြင်း၊ မွေးပြီး မိခင်စောင့်ရှောက်ခြင်းနှင့် သားဆက်ခြားလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူသူများကို ကိုယ်ဝန် ၄ လ မှစ၍ လစဉ်အာဟာရယူနစ်နှင့် ကိုယ်ဝန်ဆောင်အားဆေးများ ထောက်ပံ့ပေးခြင်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ အသင်းဝင်များ အနေဖြင့် အသင်းကြီး၏အဓိကလုပ်ငန်းများဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေးများတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် အသိပညာ၊ အတတ်ပညာများကို လေ့လာဆည်းပူးပြီး ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်ဌာန၊ မိတ်ဖက်အဖွဲ့အစည်းများဖြင့် လက်တွဲညီညီလျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုကိုပြသသည်။ ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးစသည့် ကဏ္ဍကြီး(၄)ရပ်လှုပ်ရှားမှုအတွက် ကဏ္ဍအလိုက် ထူးချွန်ဆုများချီးမြှင့်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ကျန်းမာရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်၊ ပူးတွဲဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌများက လက်ခံရယူကြသည်။

ဆက်လက်၍ ဂုဏ်ထူးဆောင်နာယက



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ၏ဇနီး ဒေါ်သန်းသန်းနွယ် ပညာရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ထံ ဆုပေးအပ်ချီးမြှင့်စဉ်။

ဒေါ်သန်းသန်းနွယ်က ပညာရေးကဏ္ဍလုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လူမှုရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များကိုလည်းကောင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင် စီးပွားရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် နေပြည်တော်နှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးတို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် ကိုယ်ဝန်ဆောင်မိခင်များကို အာဟာရဖြစ်စေမည့် အစားအစာများ ထောက်ပံ့ပေးပြီး (၅)နှစ်အောက်ကလေးငယ်များအား အမီလိုက်ကာကွယ်ဆေးများတိုက်ကျွေးပေးကာ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ဒေသထွက်ကုန်ပစ္စည်းများနှင့်ရိုးရာလက်မှုပစ္စည်းများခင်းကျင်းပြသရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၃၄)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးက ၂၀၂၄ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကိုလည်းကောင်း၊ အသင်းဘဏ္ဍာရေးမှူးက ၂၀၂၃ – ၂၀၂၄ ခုနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၂၄ – ၂၀၂၅ ရသုံးမှန်းခြေစာရင်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။ ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ၂၀၂၄ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာကြသူများက အကြံပြုချက်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် ဆွေးနွေးအတည်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေး



ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
ယာယီသမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့်
အေးချမ်းသာယာရေး
ကော်မရှင်ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
မလေးရှားနိုင်ငံ၊
နိုင်ငံခြားရေးဝန်ကြီး
H.E. Dato’ Seri Utama Haji
Mohamad Bin Haji Hasan
အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❖ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် ၂၀၂၄ ခုနှစ်ကပင် စတင်အသိပေးပြောကြားခဲ့၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့်ကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့၊ ယခုရွေးကောက်ပွဲတွင် ဥပဒေနှင့်ကိုက်ညီသည့် နိုင်ငံရေးပါတီ ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်း ၅ ထောင်ကျော်ရှိ . . .

❖ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် ငြိမ်းချမ်းရေးရရှိအောင် ဖိတ်ခေါ်ဆောင်ရွက်ပေးလျက်ရှိ . . .

☆ ရှေ့ဖုံးမှအဆက်

ထိုသို့တွေ့ဆုံရာတွင် မလေးရှားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးက **မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ရန် ပြင်ဆင်နေမှုများအား တွေ့ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိ**ပါကြောင်း၊ **အာဆီယံအနေဖြင့် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ပေးသွားမည်**ဖြစ်ပါကြောင်း၊ အားလုံးပါဝင်သည့် ရွေးကောက်ပွဲဖြစ်စေရန် အကြံပြုပြောကြားလိုပါကြောင်း၊ **ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များကိုလည်း စေလွှတ်ပေးသွားမည်ဖြစ်**ပါကြောင်းဖြင့် ဦးစွာဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားရာတွင် ယခုကဲ့သို့မိမိတို့နိုင်ငံသို့ လာရောက်တွေ့ဆုံမှုအတွက် ဝမ်းမြောက်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် ၂၀၂၄ ခုနှစ်ကပင် စတင်အသိပေးပြောကြားခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ သဘောထားကွဲလွဲသူများ၊ နိုင်ငံရေးပါတီများကို ရွေးကောက်ပွဲအတွက်ကြိုတင်ပြင်ဆင်ချိန်ရရှိအောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့်ကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုရွေးကောက်ပွဲတွင် ဥပဒေနှင့်ကိုက်ညီသည့် နိုင်ငံရေးပါတီ ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်း ၅ ထောင်ကျော်ရှိပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် ငြိမ်းချမ်းရေးရရှိအောင် ဖိတ်ခေါ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ်မှစတင်၍ယနေ့အချိန်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက် ၂၇ ကြိမ် ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသူများကိုလည်း နိုင်ငံရေးလမ်းကြောင်းပေါ်တွင်ပါဝင်လာနိုင်ရေးအတွက် ၃ ကြိမ်ဖိတ်ခေါ်ခဲ့ကြောင်း၊ ယခုလ ၁၅ ရက်နေ့တွင် NCA နှစ်ပတ်လည်နေ့အခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များ၊ NCA လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်အချို့နှင့် နိုင်ငံတကာမှအသိသက်သေများ တက်ရောက်သွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး မြန်မာ့အီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် ဆန္ဒမဲပေးခြင်းများဆောင်ရွက်သွားမည့်အခြေအနေများ၊ ရွေးကောက်ပွဲအား အပိုင်းလိုက်စနစ်ဖြင့် ကျင်းပပြုလုပ်သွားမည့်အခြေအနေများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှုအခြေအနေများ၊ ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အပြုသဘောဆောင်သော ကောင်းမွန်သည့်ပူးပေါင်းဆောင်ရွက်မှုများဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။ (၁၀၀)

## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အသက် ၇၀ နှင့်အထက် သက်ကြီးရွယ်အိုများအား ဂါရဝပြုကန်တော့

ရန်ကုန် အောက်တိုဘာ ၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၌ တာဝန်ထမ်းဆောင်ခဲ့သည့် အသက် ၇၀ နှင့်အထက် အပြည်ပြည်ဆိုင်ရာဒိုင်လူကြီးဟောင်းများနှင့် မြန်မာ့လက်ရွေးစင်ကစားသမားဟောင်းများအား ဂါရဝပြုကန်တော့ပွဲကို အောက်တိုဘာလ ၉ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။




အဆိုပါ ဂါရဝပြုကန်တော့ပွဲသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်မှ ဝန်ထမ်းများ၊ မြန်မာ့လက်ရွေးစင်ကစားသမားများတက်ရောက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အသက် ၇၀ နှင့်အထက် သက်ကြီးရွယ်အိုများအား ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက လိုက်လံပေးအပ်ခဲ့ကြသည်။

ထို့နောက် ကန်တော့ခံပုဂ္ဂိုလ်များ ကိုယ်စား ဦးစိုးမြင့်က ဩဝါဒစကားပြောကြားသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် သီတင်းကျွတ်ကာလတွင် သက်ကြီးပူဇော်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုနှစ်တွင် ကန်တော့ခံပုဂ္ဂိုလ် ၁၂၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**လင်းခန့်**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing receives Minister of Foreign Affairs of Malaysia

NAY PYI TAW October 9

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing received the Minister of Foreign Affairs of Malaysia H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan at Tatmadaw Guesthouse in Nay Pyi Taw this morning.

Also present at the call together with the Senior General were SSPC Secretary Joint Executive Chief General Ye Win Oo and SSPC member Minister for Foreign Affairs U Than Swe. The Malaysian Foreign Minister was accompanied by the Special Envoy of the Rotating Chairman of ASEAN to Myanmar H.E. Tan Sri Othman Hashim and officials.

During the discussions, the Malaysian FM expressed pleasure to witness the preparations for the multi-party democracy general election in Myanmar. He said the ASEAN will render cooperation for Myanmar's endeavours to be the best, saying that he would like to suggest an inclusive election. Election observer teams will also be sent.

In his discussion, the Senior General said it's a pleasure that the Malaysian Foreign Minister visited Myanmar to hold talks. Myanmar has already informed about the holding of a multiparty democracy general election in 2024. The government made arrangements for the persons with different political views and political parties to have time for preparations and for political parties to register themselves in accord with the law. In the coming election, 57 eligible parties will take part in the election and the number of candidates exceeds 5,000. Peace overtures have been extended for EAOs to join in the political process. Ceasefire announcements were declared 27 times during the time from 2018 to this date. Likewise, persons who are committing terrorist acts due to political disagreements were invited to join in the political process three times. NCA anniversary will be held on 15 this month, and leaders of the NCA signatories, some leaders of non-signatories and international witnesses will take part in it.

Afterward, both sides cordially exchanged views on Myanmar's political developments, the use of Myanmar electronic voting machines (MEVM), holding a phase-by-phase election, invitation of observer teams from neighbouring countries and international community, Myanmar's uninterrupted democratization process after the election, Myanmar's ongoing positive cooperation in the ASEAN and its cooperation in humanitarian aid programs, and promotion in international cooperation. **100**



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing shakes hands with Minister of Foreign Affairs of Malaysia H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan.

# More than 9,000 acres of cotton planted in Myinmu Township this year

MYINMU October 9

Statistics of Sagaing District Agriculture Department mentioned that more than 9,000 acres of cotton were planted as monsoon crops in Myinmu Township of Sagaing Region this year.

For the 2025–2026 monsoon crop season, a plan was set to cultivate 21,140 acres of cotton in Myinmu Township. Cultivation began in May this year, and as of today, 9,987 acres have been planted.

"This year, more than 20,000 acres of cotton are planned for cultivation in Myinmu Township. So far, over 9,000 acres have been completed and planting is continuing. To enable farmers to plant easily in line with the season, quality cotton seeds are being provided," said Daw Thida Lwin, Head of the Sagaing District Agriculture Department.

In Myinmu Township, the Township Agriculture Department has been conducting training sessions for cotton farmers to ensure access to quality seeds, promote healthy crop growth, prevent pests and diseases, apply proper cultivation methods, and achieve higher yields.

The cost of cultivating one acre of cotton is around Ks-350,000, and the yield is about 1,000 viss per acre. In addition, cotton can be intercropped with onions as an early crop and with pigeon peas as a follow-up crop, allowing farmers to earn additional income. **SK**

# Plan set to grow more than 3,000 acres of vegetables in Phaungpyin Township

PHAUNGPYIN October 9

Mawlaik District Agriculture Department stated that local authorities earmarked cultivation of more than 3,000 acres of vegetables as cold season crops in Phaungpyin Township of Sagaing Region this year.

In the 2025–2026 winter crop season, a total of 3,906 acres of vegetables are planned for cultivation in Phaungpyin Township, with planting scheduled from October to December this year.

"This year, over 3,000 acres of vegetables are planned for cultivation in Phaungpyin Township during the winter crop season. These include mustard, chili, coriander, potato, cabbage, eggplant, and cauliflower. Farmers are being trained to grow all these crops under the GAP system. They will also be guided to minimize the use of chemical inputs and cultivate in a way that ensures food safety and health standards," said Daw Kywe Kywe Hlaing, Head of the Mawlaik District Agriculture Department.

In Phaungpyin Township, the Township Agriculture Department is conducting training programs to help vegetable farmers adopt GAP practices, provide technologies to ensure safe and healthy produce, and encourage expansion of vegetable cultivation.

Vegetables are grown in Phaungpyin Township seasonally every year. The crops are reported to be thriving, providing household income for farming families. The Township Agriculture Department is also educating farmers on correct cultivation methods, pest prevention, and the use of natural fertilizers, bio-pesticides, and organic repellents. **SMK**

# Plan underway to cultivate more than 9,000 acres of kidney bean in Mawlaik District

MAWLAIK October 9

Preparations are being made to grow more than 9,000 acres of kidney bean in Mawlaik District of Sagaing Region in coming cold season this year, according to the district Agriculture Department.

In 2025-2026 cold season, local authorities earmarked cultivation of 2,135 acres of kidney bean in Mawlaik Township and 7,036 acres in Phaungpyin Township, totalling, 9,170 acres which will be planted starting from September this year.

During this year's winter crop season, over 9,000 acres of kidney bean are planned for cultivation in Mawlaik District. Efforts will be made to ensure the targeted acreage is achieved. "To ensure good yield and quality, necessary pure and quality seeds, inputs, and post-harvest technologies will be provided in cooperation with farmers," said Daw Kywe Kywe Hlaing, Head of the Mawlaik District Agriculture Department.

The township agriculture departments in Mawlaik District will provide awareness programs for kidney bean farmers to help them expand their cultivated acreage, improve yields, adopt GAP (Good Agricultural Practices) methods, grow quality and pure seeds, and cultivate high-yield varieties.

Crops grown under GAP practices are of better quality than those grown under other methods. They fetch higher prices and, due to their quality, can be marketed not only domestically but also exported to overseas markets. As a result, farmers who adopt GAP cultivation methods are expected to enjoy greater economic benefits.

**SMK**

# Plan underway to place more than 4,000 acres of croplands under onions

SAGAING October 9

Arrangements are being made to cultivate more than 4,000 acres of onions as winter crops in Sagaing District of Sagaing Region this year.

In this regard, local farmers will plant 1,802 acres of onion in Sagaing Township, 1,110 acres in Myinmu Township and 1,8543 acres in Myaung Township, totalling 4,765 acres.

"During this year's winter crop season in Sagaing District, more than 4,000 acres of onion are planned for cultivation. Efforts will be made to fully meet the target acreage. Onion cultivation will proceed as usual, and arrangements are being made to help ensure good market prices," said Daw Myat Moe Win, Head of the Sagaing District Agriculture Department.

In Sagaing District, the respective Township Agriculture Departments are supporting onion farmers by linking them to markets for better prices, providing techniques for longer storage, encouraging cultivation under GAP practices, and promoting improved quality.



It is learned that onion farmers in the district typically invest around Ks-1.8 million per acre, with yields averaging 5,000 viss per acre.

Within Sagaing Region, onions are widely cultivated, with the largest onion-growing townships being Monywa, Yinmabin, ChaungU, Shwebo, and Myinmu.

**SK**

# Dabayin Township to grow more than 8,000 acres of sweet corns this year



DABAYIN October 9

Statistics of YeU District Agriculture Department mentioned that local authorities earmarked cultivation of more than 8,000 acres of sweet corns in Dabayin Township of Sagaing Region this year.

During the 2025-2026 winter crop season, a total of 8,404 acres of sweet corn are planned for cultivation in Dabayin Township. Planting will take place from October to December this year.

"This winter crop season, more than 8,000 acres of sweet corn are planned for cultivation in Dabayin Township. We will work to fully achieve the target acreage. To ensure successful cultivation, awareness will be provided, including measures to prevent pest and disease outbreaks. Sweet corn cultivation has been gradually increasing year by year," said U Zaw Myint Htwe, Head of the YeU District Agriculture Department.

This year, the Dabayin Township Agriculture Department is supporting farmers by conducting training sessions, holding field demonstrations, raising awareness on preventive measures against armyworm infestation, promoting integrated pest management (IPM) practices, and educating on the use of pesticides for tomato, chili, and other crops.

In Dabayin Township, sweet corn yields average 15,000 ears per acre, with production costs exceeding Ks-500,000 per acre.

**SMK**

# Authorities earmark cultivation of more than 18,000 acres of winter sunflower in Budalin this year

BUDALIN October 9

Local authorities of Budalin Township of Sagaing Region set a plan to grow more than 18,000 acres of winter sunflower in the township this year, according to the township Agriculture Department.

During the 2025–2026 winter crop season, 18,120 acres of sunflower are planned for cultivation in Budalin Township, with planting scheduled to take place from October to December this year.

"This coming winter crop season, more than 18,000 acres of sunflower are planned for cultivation in Budalin Township. We will work to fully achieve the target acreage. To reduce imports of palm oil, efforts are being made to expand the cultivation of oil crops such as sunflower. Sunflower produces more oil per acre compared to groundnut and sesame, and it is mainly grown during the winter season," said U Phyo Wai, Head of the Budalin Township Agriculture Department.

To expand sunflower cultivation in Budalin Township, the Agriculture Department is conducting intensive awareness and training programs to enhance the capacity of both staff and sunflower farmers.

This year, sunflower farmers in Budalin Township will be provided with seed support, while Urea and compound fertilizers will be sold at affordable prices. Newly harvested sunflower varieties will also be distributed through farmer-to-farmer seed exchange systems.

**SK**

# Putin says Russia, Tajikistan reliable allies

ALMATY October 9

Russian President Vladimir Putin said Thursday that Tajikistan is a reliable ally and Russia values its relations with the country, the Khovar news agency reported.

Putin made the remarks during talks with Tajik President Emomali Rahmon in the Tajik capital of Dushanbe, where the Russian president is on a state visit to the country to attend the second Russia-Central Asia Summit and a meeting of the Commonwealth of Independent States Heads of State Council.

During the talks, Rahmon highlighted the steady progress in bilateral ties on trade, culture and security, as well as regional and international cooperation.



Following the talks, the two sides signed a number of cooperation documents on trade, transport and investment in Tajikistan's light industry. **Xinhua**

# Putin: Russia plays key role in preserving stability across Central Asia

DUSHANBE October 9

Russia has made a significant contribution to maintaining stability in the Central Asian region, Russian President Vladimir Putin said on Thursday.

"Russia has traditionally made a significant contribution to maintaining peace and stability in the Central Asian region," Putin told reporters after a meeting with Tajik President Emomali Rahmon in Dushanbe.

Russia and Tajikistan are actively developing defense and military-technical cooperation, the president said, adding that the Russian military base in Tajikistan is a guarantor of security in the Central Asian region. **Sputnik**

# Six people killed in fire in northern Kazakhstan

ALMATY October 9

Six people were killed in a fire at a farmhouse in the Pavlodar Region of northern Kazakhstan, the Kazinform news agency reported on Thursday.

The blaze completely engulfed the residential building of the farmhouse -- located 7 km from the village of Solnechny -- causing a partial collapse of the roof and spreading to nearby outbuildings to cover a total area of 920 square meters, according to the regional Department of Emergency Situations.Seven people were inside the house when the fire broke out, and only one of them managed to escape and was subsequently hospitalized.

Rescuers have removed eight 27-liter gas cylinders from the premises. The cause of the fire remains under investigation. **Xinhua**

# Hungary approves supply of nuclear reactor equipment from Russia for Paks II nuclear plant - Rosatom

MOSCOW October 9

Hungary has approved the delivery of nuclear reactor equipment from Russia for the Paks II nuclear power plant, which is to be built with Russia's participation, Russian state nuclear corporation Rosatom said on Thursday.

“Auditors from Paks II Ltd. conducted a routine supervisory audit of the Rosatom engineering division regarding the coordination of nuclear island equipment supplies for Units 5 and 6 of the Paks II Nuclear Power Plant, currently under construction in Hungary,” Rosatom said in a statement.

A document issued to Paks II Ltd. confirms full compliance with the company’s requirements as a supplier of nuclear steam generator equipment for the NPP, Rosatom added.

Based on the document, Rosatom’s engineering division is authorized to supply NSG equipment for the Paks II project, manufactured at its production facilities, the company added.

**Sputnik**

# Outline of Israel-Hamas deal revealed

JERUSALEM October 9

US President Donald Trump’s Gaza ceasefire plan entails Israeli forces withdrawing from large swathes of the Palestinian enclave and Hamas releasing the remaining hostages within several days, according to media reports.

An Egyptian source involved in the talks told Sky News Arabia that negotiators agreed to a “complete ceasefire” and a “gradual withdrawal of the Israeli army from 70 percent of Gaza.”

Ynet meanwhile reported that Israeli forces would be required to withdraw to a preset line within 24 hours, leaving Israel in control of around 53 percent of the Palestinian enclave. This would include an IDF withdrawal from Gaza City and several other central areas, the report said.

According to Reuters, Hamas would release all living hostages within 72 hours of Israeli govern-ment approval. In return, Israel would free 250 Palestinians serving life sentences and 1,700 Gazans detained since 2023, including all women and minors. Hamas still holds around 48 hostages; Israel believes that around 20 are still alive.

After announcing the breakthrough in the negotiations, Trump told Fox News that the hostages will probably be released on Monday, while promising that Gaza “will be rebuilt.”

“Gaza is going to be a much safer place other countries in the area will help it reconstruct because they have tremendous amounts of wealth, and they want to see that happen,” Trump said, without revealing the nations to be involved.

Despite the reported breakthrough, several questions remain unanswered – including Gaza’s post-war administration and the fate of Hamas, which Israel has vowed to completely destroy. Trump’s original peace



plan envisioned a limitedadministrative role for the Palestinian Authority, which governs parts of the West Bank, but only after major reforms.

The Israel-Hamas war began on October 7, 2023, when Hamasled fighters attacked the Jewish state, killing around 1,200 people, mostly civilians, and taking around 250 hostages. Israel’s subsequent military operation in Gaza has killed more than 67,000 Palestinians, according to local officials. It also led to unprecedented destruction and a humanitarian disaster in the enclave. **RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# All the advantages of solar energy



An inexhaustible resource combined with versatile, silent, efficient technologies. One of the strengths of solar energy is that it is self-generating and can be used anywhere. And its advantages will only increase in the future.

Our star is the main energy source the Earth has always depended upon. It is the most powerful and most studied, and is one of the undisputed protagonists of the energy transition.

Some of the advantages of solar energyare shared by many other renewable sources. The most important of these is the ability to protect our planet from climate change: capturing and then exploiting the sun's rays allows us to reduce our fossil fuel use without producing greenhouse gases and moves us towards energy self-sufficiency.

But what are the unique characteristics of solar energy that set it apart from other renewables, such as wind, geothermal and hydroelectric energy? We list them in eight points below to reveal our nearest star's enormous potential for providing daily energy to both people and businesses.

**1. An energy source that is both renewable and inexhaustible by definition**

It is true that the yellow dwarf that gives our solar system its name won't live forever. In fact, in four or five billion years' time, it will come to the end of its main sequence and become unstable. In the meantime, however, and on a time scale that is more relevant to us, the sun remains an unchangeable and inexhaustible source of energy: day after day, year after year, it is and will always be there, always exactly the same.

In addition to being a fixed presence, the solar energy that reaches Earth is also abundant. If Earth were a flat disc angled towards the sun, it would receive 1,377 watts of solar power per square meter. The presence of our atmosphere, bad weather conditions and the Earth's round shape lower this figure by almost ten times in the middle latitudes. That said, we would still only need to capture 6 percent of our solar energy to cover all of humanity's energy needs.

**2. Everywhere gets sunlight**

It might seem trivial, but the fact that every single area of the Earth gets sunlight to a greater or lesser extent offers a twofold advantage. First and foremost, sunlight is an energy source that can be used anywhere on the planet and even gets to places with no infrastructure or connections: hence in isolated, rural areas, places that are remote or difficult to get to, the sun is always a good option.

Following on from the above, solar energy can also be used on a hyperlocal scale, including by individuals for their own consumption. Just take a look at solar panels installed on roofs. If you reflect on that point, it is clear that this isn't the case with many other renewables or they simply are not as simple to implement.

Once converted into electricity, solar energy is very simple to transport. That means that huge amounts of electricity can be generated in large solar farms, perhaps in areas of the Earth with the highest levels of sunlight, such as the equatorial belt.

**3. It's very well suited to batteries and the electricity grid**

Photovoltaics produces energy mainly in the middle part of the day, but thanks to larger, more efficient and reliable storage systems, we're better able to manage the discrepancy between energy demand and what the sun provides naturally. Although there may be differences from country to country, generally speaking, solar energy, particularly where photovoltaic technology is used to generate it, can be transferred directly to the electricity grid. This makes things like energy communities possible and allows private individuals and businesses to send the excess energy they produce to the market, guaranteeing them not only savings but also a source of income. There is an important social advantage as well, because that energy becomes immediately available to populations in areas of the world that previously didn't have access to traditional electrical networks, such as in Africa.

**4. The sun creates local wealth and jobs**

Of all green jobs, solar energy creates the most employment opportunities for developers, builders, installers and maintenance technicians at the power plants. Taking full advantage of solar brings new impetus to the economy and offers families, businesses and even nations an investment opportunity. According to a recent study published in Science Direct, "Job creation during the global energy transition to 100 percent renewable power systems by 2050", the number of jobs in the photovoltaic sector alone will reach 22 million worldwide by 2050 (in 2019 there were 3.8 million, according to estimates by IRENA, the international agency for renewable energy.)

**5. Technological versatility**

Solar energy's versatility also extends to its technology. The first thing that springs to mind is photovoltaic panels, but solar energy can also be used to create thermal energy by heating fluids, or by combining both types in the most modern thermodynamic solar power plants.

It is equally true that, compared to a fossil fuel system or even many other renewables, solar energy creates very little noise. Aside from a few components required for cooling, both the sun's rays themselves and the devices used to collect their energy are extraordinarily quiet and therefore suitable for use in any setting.

**6. Minimal maintenance required**

Despite the fact that photovoltaic panels do gradually become less efficient, with a useful lifespan of 20-25 years, the kind of post-installation maintenance required is similar to that of a normal electrical system, with the addition of some periodic cleaning and little else, so maintenance is minimal.

**7. Green until the end of life**

Solar panels are extremely practical, not only in the installation stage, but also when it is time to remove or replace them. They are usually easy to dismantle and the materials used in them can be reclaimed, recycled and reused, further reducing the environmental impact of this kind of energy.

Having panels available that can be combined in multiple ways means modular plants can be created that range from very small in size for domestic use to large-scale farms. This extreme versatility allows us to build plants according to the needs and particular characteristics of the local area.

**8. A solid, reliable technology**

Embedded in the reality of the 21st Century, photovoltaics is a mature technology. These systems are no longer pioneering and experimental solutions, as was the case in the last part of the 20th Century; now the reliability, durability and performance of these plants are all more than satisfactory.

So the future of solar energy looks rosy. While the solutions we have today already offer technical and economic guarantees, many interesting new innovations await us in the coming years. This is particularly true of efficiency: history has taught us that solar cell performance is improving over time and figures that might have seemed unattainable a couple of decades ago are increasingly within our reach (most notably, efficiency is now over 20 percent). At the same time, the price of solar cells is going the other way and they're becoming cheaper. If we combine these two effects, we can say that solar energy is becoming increasingly accessible and available, as well as remaining highly competitive compared to other renewables.

**ENEL**

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပမှုမြင်ကွင်း






















# ဒီလိုပြိုင်ပွဲကြီးကနေ မျိုးဆက်သစ်လူငယ်တွေအနေနဲ့ မြန်မာ့ရိုးရာသီချင်းတွေ မြန်မာသံစစ်စစ်တွေကို ကြားသိ၊ မြင်သိရတဲ့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ပညာရပ်တွေကို မပျောက်ပျက်အောင် ထိန်းသိမ်းတန်ဖိုးထားပြီး စီစဉ်ကျင်းပပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေ၊ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**မောင်ထက်လျှံခန့်**

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပြည်ထောင်စုနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပလျက်ရှိရာ ပြိုင်ပွဲတွင် တာဝန်ယူကြရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြပေးလိုက်ရပါသည်-


မမေသူကျော်


မောင်ဟံသာမင်း


မောင်ထက်လျှံခန့်


မစစ်လွန်းဝတီဦး


မိုမိုမင်းဦး(ခ)ဖြူလုံး


မနန်းခိုင်သဇင်


မသန္တာကျော်ဝင်း

**မမေသူကျော်**
**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု**
**အခြေခံပညာအဆင့်(၁၀-၁၅)**
**ဒုံမင်းအတီးပြိုင်ပွဲ**

ပြိုင်ပွဲမယှဉ်ပြိုင်ခင် တစ်လလောက် ကြိုတင်ပြင်ဆင်လေ့ကျင့် သင်ကြားခဲ့ပါတယ်။ အသက်ကတော့ ၇ နှစ် ၈ လရှိပြီ ဖြစ်ပါတယ်။ ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုပြီး ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဒုံမင်းအတီး(၁၀-၁၅) အဆင့် ပြိုင်ပွဲထဲမှာတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲဝင်တွေက ကိုယ့်ထက်ကြီးတဲ့ သူတွေနဲ့ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေကို နှစ်စဉ်ပြုလုပ်ပေးတာ လူငယ်မျိုးဆက်သစ်တွေအနေနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို နှစ်သက်မြတ်နိုးတန်ဖိုးထားပြီး ဆက်လက်ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။

**မောင်ဟံသာမင်း**
**မွန်ပြည်နယ်ကိုယ်စားပြု**
**မဟာဂီတ(၁၀-၁၅)**

ဗဟိုအဆင့်ကို ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ မြို့နယ်၊ ခရိုင်၊ ပြည်နယ်အဆင့်တွေကနေ အများကြီးကြိုးစားယှဉ်ပြိုင်ခဲ့ရပါတယ်။ သီဆိုယှဉ်ပြိုင်နိုင်ဖို့ လေ့ကျင့်ရင်း အသံတွေနာနေတော့ဆေးခန်းတွေ ခဏခဏသွားရောက်ရင်း အသံနာနာနဲ့ ယှဉ်ပြိုင်ခဲ့ရပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ကျောင်းအုပ်ဆရာကြီးရဲ့ တွန်းအားပေးမှုကြောင့် ဝင်ရောက်ယှဉ်ပြိုင်ဖြစ်တာပါ။

**မောင်ထက်လျှံခန့်**
**မကွေးတိုင်းဒေသကြီးကိုယ်စားပြု**
**ခေတ်ဟောင်းကာလပေါ်**
**(၁၀-၁၅)**

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ တစ်လကြိုတင် စခန်းသွင်းကတည်းက အကောင်းဆုံးကြိုးစား ပြင်ဆင်လေ့ကျင့်ခဲ့ပါတယ်။ သီချင်းလေးပုဒ်နဲ့ ကြိုတင်လေ့ကျင့်ခဲ့ပါတယ်။ (၂၅)ကြိမ်မြောက်မှာတော့ ဗဟိုအဆင့်မှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတော့ မရရှိခဲ့ပါဘူး။ အရင်နှစ်အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး အခုနှစ်မှာတော့ အကောင်းဆုံးယှဉ်ပြိုင်ပြီး ရွှေတံဆိပ်ဆု ရရှိဖို့ မျှော်မှန်းထားပါတယ်။ ဒီလိုပြိုင်ပွဲကြီးကနေ မျိုးဆက်သစ်လူငယ်တွေအနေနဲ့ မြန်မာ့ရိုးရာသီချင်းတွေ မြန်မာသံစစ်စစ်တွေကို ကြားသိ၊ မြင်သိရတဲ့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်ပညာရပ်တွေကို မပျောက်ပျက်အောင် ထိန်းသိမ်းတန်ဖိုးထားပြီး စီစဉ်ကျင်းပပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေ၊ နိုင်ငံတော်တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်မိပါတယ်။

**မစစ်လွန်းဝတီဦး**
**တနင်္သာရီတိုင်းဒေသကြီး**
**ကိုယ်စားပြု**
**(၁၀-၁၅) အက**

(၂၄)ကြိမ်မြောက် ကတည်းက ဆိုကရေးတီး ပြိုင်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်ဖြစ်တာပါ။ ဗဟိုအဆင့်တော့ မဟုတ်ပါဘူး။ ဆုတံဆိပ်အနေနဲ့က ဗဟိုမှာ မရရှိသေးပါဘူး။ အခု ဒီပြိုင်ပွဲအတွက် အများကြီး ကြိုးစားထားသလို ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှု ရှိပါတယ်။ ကြိုတင်ပြင်ဆင်မှုအနေနဲ့က မေလလောက်ကတည်းက ပြင်ဆင်ခဲ့တာပါ။ ဝါသနာအရ ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပြီး ရှေ့ဆက်ပြီးလည်း ပြိုင်ပွဲတွေ ဝင်ရောက် ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အခုဒီပြိုင်ပွဲကြီးမှာ ကိုယ်ဝါသနာပါရာ အနုပညာတွေကို ချပြခွင့်ရတဲ့အတွက် ဝမ်းသာပီတိ ဖြစ်ရပါတယ်။

**မိုမိုမင်းဦး(ခ)ဖြူလုံး**
**ရှမ်းပြည်နယ်ကိုယ်စားပြု**
**(၁၀-၁၅)၊ အက**

သမီးက (၂၃)ကြိမ်မြောက် ကတည်းက ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ အခုက လေးကြိမ်မြောက် ဝင်ပြိုင်ဖြစ်တာပေါ့။ အရင်ကတော့ ဆိုင်းအဖွဲ့လိုက်မှာ ရွှေနှစ်ခု ရခဲ့ပါတယ်။ ဒီပြိုင်ပွဲအတွက် တစ်လလောက် လေ့ကျင့်ပြင်ဆင်ချိန်ရခဲ့ပြီးတော့ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။ သမီး အသက်ငါးနှစ်လောက် ကတည်းက အကကို စတင်လုပ်ဆောင်ခဲ့တာပါ။ ဆက်လက်ပြီးလည်း အကပညာနဲ့ပဲ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ လုပ်ဆောင်သွားဖို့ ရှိပါတယ်။ ဒီပြိုင်ပွဲကြီးက ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ဖော်ထုတ်ထိန်းသိမ်းပေးတာမို့ အတွေ့အကြုံသစ်တွေလည်း အများကြီးရသလို ပျော်လည်း ပျော်ပါတယ်။

**မနန်းခိုင်သဇင်**
**ကရင်ပြည်နယ်ကိုယ်စားပြု**
**(၁၅-၂၀)၊ အက**

ဆိုကရေးတီးကို ဝင်ပြိုင်တာက အခုပထမဆုံးအကြိမ်ဖြစ်ပါတယ်။ အခုလိုမျိုးဝင်ရောက်ယှဉ်ပြိုင်တဲ့ အခါမှာလည်း အားရကျေနပ်မှုရှိပါတယ်။ ဒီပြိုင်ပွဲမှာက တခြားသော တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ပြိုင်ဘက်တွေရဲ့ ယှဉ်ပြိုင်မှုကလည်း အတော်ကောင်းတော့ ဆုတံဆိပ်အတွက် ခန့်မှန်းလို့ မရနိုင်သေးဘူးပေါ့။ ဒီထက်မက ပိုကြိုးစားပြီးတော့ ပြိုင်ပွဲတွေလည်း ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ ငယ်ငယ်ကတည်းက အကကို ဝါသနာပါခဲ့တာဆိုတော့လေ။ ဒီပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ရတဲ့အခါမှာ အတွေ့အကြုံသစ်တွေ ရရှိခဲ့ပါတယ်။

**မသန္တာကျော်ဝင်း**
**မွန်ပြည်နယ်ကိုယ်စားပြု**
**မဟာဂီတ**

ပြိုင်ပွဲဝင်ရောက် မယှဉ်ပြိုင်ခင် သီချင်းလေးပုဒ်နဲ့ ကြိုတင်ပြင်ဆင်လေ့ကျင့်ခဲ့ပါတယ်။ ခေတ်လူငယ်တွေဖြစ်တဲ့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ နှစ်သက်တဲ့အတွက် မဟာဂီတကို ရွေးချယ်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုလည်း ဖြစ်တဲ့ သီချင်းတွေကို သေချာခံစားနားထောင်ကြည့်မယ်ဆိုရင် အနှစ်သာရ များစွာရှိနေတဲ့အတွက် နှစ်သက်မြတ်နိုးမိပါတယ်။ လူကြီးတွေထိန်းသိမ်းခဲ့တဲ့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်တွေကို ယနေ့ခေတ်လူငယ်မျိုးဆက်သစ်တွေအနေနဲ့ ဆက်လက်ထိန်းသိမ်းသွားရမယ်လို့ ထင်မြင်မိပါတယ်။ တူရိယာအမျိုးအစားတွေကို လေ့လာသင်ယူရာမှာလည်း နည်းစနစ်များစွာ၊ တန်ဖိုးများစွာရှိတဲ့အတွက် လေ့လာသင်ယူပြီး မပျောက်ပျက်သွားအောင် ဆက်လက်ထိန်းသိမ်းကြဖို့ ပြောချင်ပါတယ်။ ပြိုင်ပွဲကြီးကို ကျင်းပပေးတဲ့အတွက် တာဝန်ရှိသူတွေအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။

**တွေ့ဆုံမေးမြန်း - လင်းရာမ**
**ဓာတ်ပုံ - ကိုထက်**

# မအူပင်မြို့၌ ဆီလုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးအသိပညာပေးဟောပြော

မအူပင် အောက်တိုဘာ ၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့ ခရိုင်စားသုံးသူရေးရာဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ စားသုံးသူရေးရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၉ ရက်တွင် ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲ၌ မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဇော်ဦးက စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိစေရန်၊ တိကျမှန်ကန်ရှင်းလင်းသော သတင်းအချက်အလက်များသိရှိရန်၊ စားသုံးသည့် စားသောက်ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်ညီညွတ်စေရေး၊ စိတ်ကျေနပ်မှုရရှိစေရေးအတွက် အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မားသော ကုန်စည်ဝန်ဆောင်မှုများ ဖော်ဆောင်ဖြည့်ဆည်းပေးနိုင်စေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဥပဒေအချက်အလက်များ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး စားသုံးသူများနစ်နာမှုရှိပါက မအူပင်ခရိုင်ဦးစီးမှူးရုံးသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပညာပေးဟောပြောသည်။

အသိပညာပေးဟောပြောပွဲသို့ မအူပင်မြို့နယ်အတွင်းရှိ ဆီလုပ်ငန်းရှင် ၁၅ ဦး တက်ရောက်ခဲ့ပြီး အသိပညာပေးဟောပြောချက်များအပေါ် သိရှိလိုသည်များကိုပြန်လည်မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပြီးနောက် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၉

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်သည်။

**(မိုး/ဇလ)**


# ဂျပန်နိုင်ငံ၌ မိုးသည်းထန်စွာရွာမည့် အရေးပေါ်သတိပေးချက် ထုတ်ပြန်ထား

**တိုကျို၊ ရာသီဥတု**

ဂျပန်နိုင်ငံသို့ တိုင်ဖွန်းမုန်တိုင်းတစ်လုံးဖြစ်သည့် ဟာလောင် နီးကပ်လာချိန်တွင် ဂျပန်မိုးလေဝသဌာနက မိုးသည်းထန်စွာရွာသွန်းမည့် အရေးပေါ်သတိပေးချက်ကို အောက်တိုဘာလ ၉ ရက်တွင်ထုတ်ပြန်လိုက်ကြောင်းသိရသည်။ အလားတူ ဒေသခံများအနေဖြင့် မြေပြိုမှုများနှင့်ရေကြီးမှုများဖြစ်ပေါ်နိုင်သည့်အပေါ် သတိရှိကြရန်လည်း ထုတ်ပြန်ချက်တွင်တိုက်တွန်းထားသည်။

နံနက် ၇ နာရီအချိန်တိုင်းတာချက်အရ တိုင်ဖွန်းမုန်တိုင်း ဟာလောင်သည် ဟာချီဂျိုကျွန်း၏ အရှေ့-အရှေ့တောင်ဘက်မှ နေ၍ တစ်နာရီလျှင် ကီလိုမီတာ ၃၀ နှုန်းဖြင့် အရှေ့မြောက်ဘက်သို့ရွေ့လျားလာနေခြင်းဖြစ်ကြောင်း၊ မုန်တိုင်းကြောင့် လေတိုက်နှုန်းသည်တစ်နာရီလျှင် ၂၅၂ ကီလိုမီတာရှိကြောင်း၊ အဆိုပါလေတိုက်နှုန်းသည် အဆောက်အအုံများကိုပင် ပြိုကျစေသည် အထိအင်အားပြင်းထန်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ **Ref: Xinhua**

# ဂါဇာစစ်ပွဲကိုအဆုံးသတ်စေမည့် အပစ်အခတ်ရပ်စဲရေးအတွက် သဘောတူညီချက်ကိုရရှိပြီ



**ကိုင်ရို၊ စစ်ရေး**

ဒုက္ခမျိုးစုံကို နှစ်နှစ်ကျော်ကြာ ခါးသီးစွာရင်ဆိုင်ခဲ့ရသည့် ဂါဇာဒေသ၌ဖြစ်ပွားနေသောစစ်ပွဲကိုအဆုံးသတ်စေမည့် အပစ်အခတ်ရပ်စဲရေးအတွက် သဘောတူညီချက်ရရှိပြီဖြစ်ကြောင်း အီဂျစ်သမ္မတ အဗ္ဗဒယ်ဖတာအယ်စီစီက အောက်တိုဘာလ ၉ ရက်တွင်ပြောသည်။

အီဂျစ်၊ ကာတာနှင့် အမေရိကန်ပြည်ထောင်စုတို့က ကမကထပြုထားပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပြုထားသော ငြိမ်းချမ်းရေးအစီအစဉ်အတိုင်း အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိခြင်းဖြစ်ကြောင်း အီဂျစ်သမ္မတကပြောသည်။

အဆိုပါငြိမ်းချမ်းရေးအစီအစဉ်ကိုဆွေးနွေးနိုင်ရေးအတွက် ဟားမက်နှင့်အစ္စရေးတို့ကြား သွယ်ဝိုက်သောအားဖြင့်ဆွေးနွေးမှုများကို အီဂျစ်နိုင်ငံ ရှမ်အယ်ရှိတ်မြို့၌ အောက်တိုဘာလ ၆ ရက်ကတည်းက စတင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ရက်အနည်းငယ်ကြာမြင့်သည့် တွေ့ဆုံဆွေးနွေးမှုများအပြီးတွင် ဟားမက်နှင့်အစ္စရေးတို့က ပထမအဆင့်ငြိမ်းချမ်းရေးအစီအစဉ်ကို သဘောတူခြင်းဖြစ်သည်။ ထိုပထမအဆင့်ငြိမ်းချမ်းရေးအစီအစဉ်တွင် အပစ်အခတ်ရပ်စဲရေး၊ ဓားစာခံများနှင့် အကျဉ်းသားအချို့ကို ပြန်လွှတ်ပေးရေးတို့ပါဝင်သည်။

တစ်ချိန်တည်းမှာပင် အဆိုပါငြိမ်းချမ်းရေးသဘောတူညီချက်သည်အစ္စရေးအစိုးရအဖွဲ့ကအတည်ပြုပြီးနောက် စတင်အသက်ဝင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ထားသည်။ **Ref: Xinhua**

# စိတ်ကူးကောင်းပြီး အမြော်အမြင်ရှိသည့် ဟန်ဂေရီစာရေးဆရာ စာပေဆိုင်ရာ နိုဘယ်ဆုရရှိ

**စတော့ဟုမ်း၊ နိုဘယ်ဆု**

စိတ်ကူးကောင်းပြီး အမြော်အမြင်ရှိကာ အလွန်စိတ်ဝင်စားဖွယ်ကောင်းသည့် ရေးသားမှုများဖြင့်ရသမြောက်အောင်ဖန်တီးနိုင်သော ဟန်ဂေရီစာရေးဆရာ လက်စလိုခရက်စနာဟော်ကာအီသည် ၂၀၂၅ ခုနှစ်အတွက် စာပေဆိုင်ရာနိုဘယ်ဆုကိုရရှိကြောင်း တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက အောက်တိုဘာလ ၉ ရက်တွင်ထုတ်ပြန်ထားသည်။

ဟန်ဂေရီနိုင်ငံတွင်မွေးဖွားခဲ့ပြီး ယခုအခါအသက် ၇၁ နှစ်ရှိပြီဖြစ်သည့် လက်စလိုခရက်စနာဟော်ကာအီသည် ကွန်မြူနစ်ဝါဒအောက်တွင်နေထိုင်စဉ် ရင်ဆိုင်ခဲ့ရသည့်အတွေ့အကြုံများ၊ ၎င်းသွားရောက်ခဲ့သော ပြည်ပခရီးစဉ်များမှ အတွေ့အကြုံများကို ၎င်း၏စာပေများတွင်ထည့်သွင်းရေးသားခဲ့ခြင်းဖြစ်သည်။ လက်စလိုခရက်စနာဟော်ကာအီရေးသားသော ဝတ္ထုရှည်များ၊ ဝတ္ထုတိုများနှင့် ဆောင်းပါးများသည် ဂျာမနီနိုင်ငံ၌ အလွန်နာမည်ကြီးကြောင်းသိရသည်။ **Ref: AGC**

# တရုတ်-အိန္ဒိယ တိုက်ရိုက်လေကြောင်း ခရီးစဉ်ပြေးဆွဲမှု ယခုလမကုန်မီ ပြန်လည်စတင်မည်

**ပေကျင်း၊ ချစ်ကြည်ရေး**

တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့ကြား တိုက်ရိုက်လေကြောင်းခရီးစဉ်ပြေးဆွဲမှုကို ယခုလမကုန်မီ ပြန်လည်စတင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အောက်တိုဘာလ ၉ ရက်တွင်ပြောသည်။

ယခုကဲ့သို့ နှစ်နိုင်ငံကြားတိုက်ရိုက်လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲနိုင်ခြင်းသည်နှစ်နိုင်ငံခေါင်းဆောင်များကြား ဩဂုတ်လ ၃၁ ရက်တွင် တီယန်ကျင်းမြို့၌ တွေ့ဆုံဆွေးနွေးမှုမှရရှိလာသည့် သဘောတူညီချက်တစ်ခုကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပုံမှန်သတင်းစာရှင်းလင်းပွဲတွင်ပြောထားသည်။

ထို့ပြင် ယခုကဲ့သို့တိုက်ရိုက်လေကြောင်းခရီးစဉ်ကိုပြေးဆွဲနိုင်ခြင်းသည် စုစုပေါင်းလူဦးရေ ၂ ဒသမ ၈ ဘီလီယံရှိသည့် နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုများကို ပိုမိုအဆင်ပြေလွယ်ကူစေမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူကပြောထားသည်ဟုသိရသည်။

**Ref: Xinhua**

# အမေရိကန်အစိုးရအဖွဲ့လုပ်ငန်းရပ်ဆိုင်းမှု ဒုတိယသီတင်းပတ်အတွင်းဝင်ရောက်လာ



**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်အစိုးရအဖွဲ့၏ လုပ်ငန်းရပ်ဆိုင်းမှုသည် ဒုတိယသီတင်းပတ်အတွင်း ဝင်ရောက်လာကြောင်းနှင့် ထိုသို့ရပ်ဆိုင်းမှုပြီးဆုံးမည့်အခြေအနေကိုလည်း မမြင်ရသေးကြောင်းသိရသည်။

အောက်တိုဘာလ ၈ ရက်တွင် အထက်လွှတ်တော်သည် ဒီမိုကရက်တစ်နှင့် ရီပတ်ဘလစ်ကန်တို့တင်သွင်းသော အစိုးရအဖွဲ့အတွက်အသုံးစရိတ်ပေးနိုင်ရေး ဥပဒေကြမ်းနှစ်ခုအနက် မည်သည့်ဥပဒေကြမ်းကိုမျှ အတည်ပြုနိုင်ခဲ့ခြင်းမရှိကြောင်းသိရသည်။ ထိုကဲ့သို့ဥပဒေကြမ်းကိုအတည်မပြုနိုင်ခြင်းသည် ယခုတစ်ကြိမ်နှင့်ဆိုလျှင် ခြောက်ကြိမ်မြောက်ရှိနေပြီဖြစ်သည်။

ယင်းကဲ့သို့ အစိုးရအဖွဲ့လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းခြင်းအတွက် ရီပတ်ဘလစ်ကန်ပါတီနှင့် ဒီမိုကရက်တစ်ပါတီတို့ကအပြန်အလှန်အပြစ်တင်ဝေဖန်ထားသည်။ ဒီမိုကရက်တစ်တို့ဘက်ကတင်သွင်းလာသော ကျန်းမာရေးစောင့်ရှောက်မှုကိစ္စနှင့်ပတ်သက်၍ အစိုးရအဖွဲ့လုပ်ငန်းလည်ပတ်မှု ပြန်လည်မစတင်နိုင်သေးသမျှ ဆွေးနွေးစရာမရှိကြောင်း ရီပတ်ဘလစ်ကန်အမတ်များကပြောသည်။

လက်ရှိတွင် အစိုးရအဖွဲ့လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းခြင်းကြောင့် ဖက်ဒရယ်အစိုးရဝန်ထမ်း ၇၅၀၀၀၀ ခန့်မှာ လစာမဲ့ခွင့်ယူထားရကြောင်း စစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။ **Ref: Xinhua**

# ဗြိတိန်က ပေါင်သန်း ၃၅၀ တန်ဖိုးရှိ ဒုံးကျည်များကို အိန္ဒိယသို့ရောင်းချပေး

**မွမ်ဘိုင်း၊ စစ်ရေး**

ဗြိတိန်နိုင်ငံက ပေါင်သန်း ၃၅၀ တန်ဖိုးရှိအပေ့ါစားဒုံးကျည်များကို အိန္ဒိယနိုင်ငံသို့ ရောင်းချပေးမည့် သဘောတူညီချက်ကို လက်မှတ်ထိုးလိုက်ပြီဖြစ်ကြောင်း ဗြိတိန်အစိုးရက အောက်တိုဘာလ ၉ ရက်တွင် ထုတ်ပြန်ထားသည်။

ဗြိတိန်ဝန်ကြီးချုပ် ကီယာစတားမာက အိန္ဒိယနိုင်ငံသို့ရောက်ရှိပြီး ဝန်ကြီးချုပ်နာရန်ဒရာမိုဒီနှင့် မွမ်ဘိုင်းမြို့၌တွေ့ဆုံပြီးနောက် နှစ်နိုင်ငံကြား အဆိုပါသဘောတူညီချက်ရရှိခြင်းဖြစ်သည်။

ယခုကဲ့သို့သဘောတူညီချက်ရရှိခြင်းသည် ဗြိတိန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကြား လက်ရှိဆွေးနွေးနေဆဲဖြစ်သော ရှုပ်ထွေးကျယ်ပြန့်လှသည့် စစ်လက်နက်ပစ္စည်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကြိုးပမ်းမှုအတွက် လမ်းကြောင်းတစ်ခုဖြစ်ကြောင်း ဗြိတိန်အစိုးရ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အဆိုပါသဘောတူညီချက်အရ Thales ကုမ္ပဏီထုတ် အပေ့ါစားဘက်စုံသုံးဒုံးကျည်များကို ဗြိတိန်နိုင်ငံကထောက်ပံ့ပေးရမည်ဖြစ်ပြီး ယင်းသို့သဘောတူခြင်းကြောင့် အလုပ်အကိုင်နေရာပေါင်း ၇၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ အလားတူ ဗြိတိန်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့သည် ရေတပ်သင်္ဘောများအတွက် သဘောတူညီချက်နောက်တစ်ဆင့်ကို လက်မှတ်ထိုးထားနိုင်ကြောင်းသိရသည်။ **Ref: ST**



# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သီသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သီသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၆၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၃၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၇၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်


သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၉

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ ဆုတောင်းပြည့်ကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၀ ပါးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များကို လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြေနိမ့်ကော်ဖီစိုက်ပျိုးလုပ်ကိုင်လိုသူများအနေဖြင့် နည်းပညာအပါအဝင် အကူအညီများလိုအပ်ပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးတွင် ဆက်သွယ်ဆောင်ရွက်နိုင်



နေပြည်တော် အောက်တိုဘာ ၉

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရုံးများ၌ စိုက်ပျိုးထားသော တောင်သူပညာပေး ကော်ဖီစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ရုံးအမှတ်(၁၅)တွင် တစ်ကေစိုက်ပျိုးထားသော ရိုဘတ်စတာမြေနိမ့်ကော်ဖီပင်များ၏ ၁ နှစ် ၉ လသား အရွယ်တွင် အသီးများစတင်သီးပွင့်နေမှု၊ အသီးအားပိုမိုကောင်းမွန်စေရန် ပထမအကြိမ်အသီးများကို ခူးခြွေဖယ်ရှားထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ရုံးအမှတ်(၃၆) တွင် စိုက်ပျိုးထားသော မြေနိမ့်ကော်ဖီ ၂ ဒသမ ၅ ဧကနှင့် ရုံးအမှတ်(၅၀)တွင် စိုက်ပျိုးထားသော မြေနိမ့်ကော်ဖီ ဒသမ ၅ ဧက စိုက်ခင်းများကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက နှစ်စဉ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ၌ စိုက်ပျိုးခဲ့ကြသည့်နှစ်ရှည်ပင်များကို အရိပ်ရပင်အဖြစ်အသုံးပြု၍ မြေနိမ့်ကော်ဖီမျိုးများ စိုက်ပျိုးခဲ့မှု၊ သက်တမ်းအလိုက် သတ်မှတ်ထားသည့် အပင်ဖြစ်ထွန်းအောင်မြင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကော်ဖီသီးနှံကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် မြေနိမ့်ဒေသများ၌ အောင်မြင်စွာစိုက်ပျိုးနိုင်မှုကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိရေးနှင့် လက်တွေ့နည်းပညာပေးပြသမှုအပြင် လိုအပ်သောကူညီပံ့ပိုးမှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၂၅၀၀ နှင့်အောက်ရှိဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ရိုဘတ်စတာမြေနိမ့်ကော်ဖီမျိုးများသည် အရိပ်ရပင်များဖြစ်သည့် သရက်ပင်၊ သီဟိုဠ်ပင်၊ မက္ကာဒေးမီးယားပင်နှင့် ရော်ဘာပင်တို့ကိုအသုံးပြုစိုက်ပျိုးနိုင်သကဲ့သို့ ကမ်းရိုးတန်းဒေသများ၌ ကွမ်းသီးပင်များကြားတွင်လည်း စိုက်ပျိုးနိုင်သဖြင့် မြန်မာနိုင်ငံတစ်ဝန်းတွင် တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်ကြကြောင်း၊ ဈေးကွက်ရှိသော သီးနှံဖြစ်၍ မြေနိမ့်ကော်ဖီစိုက်ပျိုး လုပ်ကိုင်လိုသူများအနေဖြင့် နည်းပညာအပါအဝင် အကူအညီများ လိုအပ်ပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ရုံးအမှတ် (၁၅)တွင် ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထို့နောက် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂ ရက်**တွင် လယ်ဝေးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၂၇၁) တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၂၉၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၇ ရက်**တွင် ရွှေဘိုမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၅)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် မှုံ့အိုး (၅)လုံး အပါအဝင် ဆက်စပ်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၆ ရက်**တွင် တောင်ငူခရိုင်၊ ဖြူးမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၄၁၀)တန်၊ အခြားသစ်(၂ ဒသမ ၇၇၆) တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၉၂၄၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရခိုင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၆ ရက်**တွင် စစ်တွေခရိုင်၊ စစ်တွေမြို့နယ်အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁ ရက်**တွင် ပုသိမ်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် (၄ ဒသမ ၁၉၇)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၆၄၀)**ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၆ ရက်**တွင် ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၇၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan Delivery Van (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၇)မျိုး၊ စားသောက်ကုန်ပစ္စည်း(၅)မျိုး၊လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၇၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Mini Bus (၁)စီး၊ Amandla Micro Bus (၁)စီး၊ Mitsubishi Fuso Bus(၁)စီး၊Toyota Corolla Fielder (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၆၉၇၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**အောက်တိုဘာလ ၁ ရက်၊ ၂ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင်** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၃၆၉၇၈၈)**ကိုဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့်ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

# အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် (ဒုတိယ)အကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်

နေပြည်တော် အောက်တိုဘာ ၉

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ အရာရှိ/စစ်သည်များ၏မိသားစုဝင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူများအတွက် (ဒုတိယ) အကြိမ် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဗေဒါသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့်အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်သည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များတွင်လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် (ဒုတိယ) အကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားတစ်ဦးအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်စဉ်။

# ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆက်လက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိ၊ ကျောင်းအပ်ဆက်လက်လက်ခံ၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်၊ ကျောက်မဲမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှုကိုတွေ့ရစဉ်။



ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှုကိုတွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၉

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)ကို တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထု လုံခြုံရေးနှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံတော်၏ ပခုံးပြောင်းတာဝန်ကိုထမ်းဆောင်ကြမည့်ကျောင်းနေအရွယ် အနာဂတ်ရင်သွေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ယာယီဆေးရုံဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာလ ၈ ရက်မှစတင်၍ ကျောက်မဲမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအားစတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၇၉ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်းကျောင်းသား၊ကျောင်းသူ ၃၂၁ ဦး အထိရှိပြီဖြစ်ပြီး တည်ငြိမ်အေးချမ်းလျက်ရှိသည့်ဒေသမှ ကျောင်းသား၊ ကျောင်းသူများနည်းတူ စာပေပညာများကို စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားလျက်ရှိကြောင်းသိရှိရသည်။ အဆိုပါထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှအခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များဆောင်ရွက်ပေးကြသည်။

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့်ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

၎င်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၅၇ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောလူနာ ၅ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# အာဆင်နယ်အသင်းက အမ်းမရိတ်ကွင်းအား တိုးချဲ့တည်ဆောက်မှုပြုလုပ်နေစဉ် ဝင်ဘလေကွင်းကို ယာယီအသုံးပြုဖွယ်ရှိ




**လန်ဒန် အောက်တိုဘာ ၉**

အာဆင်နယ်အသင်းသည် အမ်းမရိတ်ကွင်းအား တိုးချဲ့တည်ဆောက်မှုပြုလုပ်နေစဉ် ဝင်ဘလေကွင်းကို အိမ်ကွင်းအဖြစ် ယာယီအသုံးပြုဖွယ်ရှိကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ပရိသတ် ၆၀၇၀၄ ဦးဝင်ဆံ့သည့်အိမ်ကွင်းအမ်းမရိတ်ကို တိုးချဲ့တည်ဆောက်နိုင်ရန် ပြီးခဲ့သည့်နှစ်များက စီစဉ်နေခြင်းဖြစ်ကာ လက်ရှိအချိန်တွင် ကနဦးစီမံကိန်းများ စတင်ချမှတ်နေပြီဖြစ်သည်။

အမ်းမရိတ်ကွင်းကို ၂၀၀၆ ခုနှစ်က စတင်အသုံးပြုခဲ့ပြီး ပေါင်သန်း ၃၉၀ ကုန်ကျခဲ့ကာ လက်ရှိအချိန်တွင် အာဆင်နယ်အသင်းတာဝန်ရှိသူများအနေဖြင့် ပရိသတ် ၇၀၀၀၀ ဝင်ဆံ့နိုင်သည့်ကွင်းအဖြစ် တိုးချဲ့ရန် ဆန္ဒရှိနေကာ လန်ဒန်မြို့ခံပြိုင်ဘက်အသင်းများဖြစ်သည့် စပါးနှင့်ဝက်စ်ဟမ်းအသင်းတို့၏ အိမ်ကွင်းကို ကျော်ဖြတ်၍ လန်ဒန်၌ အကြီးမားဆုံးကွင်းဖြစ်လာစေရန် ရည်မှန်းထားသည်။

အကယ်၍ အာဆင်နယ်အသင်းသည် အမ်းမရိတ်ကွင်းအား တိုးချဲ့တည်ဆောက်ပြီးစီးပါက ကွင်းဝင်ကြေးအဖြစ် နှစ်စဉ်ပေါင်သန်းဆယ်နှင့်ချီ၍ ဝင်ငွေရရှိမည်ဖြစ်ကာ ပရိသတ်များအတွက်လည်း လက်မှတ်ဝယ်ယူရန် စောင့်ဆိုင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်သည်။

အာဆင်နယ်အသင်း၏ ပူးတွဲဥက္ကဋ္ဌ ကရွန်ကီသည် အမ်းမရိတ်ကွင်း တိုးချဲ့မည့်စီမံကိန်းနှင့်ပတ်သက်၍ ပြီးခဲ့သည့်နွေရာသီက ဆွေးနွေးမှုများပြုလုပ်ခဲ့သကဲ့သို့ ခက်ခဲသည့်စီမံကိန်းဖြစ်လာနိုင်သည်ဟု ၎င်းက ပြောသည်။

သို့သော် အဆိုပါစီမံကိန်းနှင့်ပတ်သက်၍ အာဆင်နယ်အသင်းအနေဖြင့် တရားဝင်ဆုံးဖြတ်ချက်များ ထုတ်ပြန်ခြင်းမရှိသေးသော်လည်း အကယ်၍ အမ်းမရိတ်ကွင်းအား တိုးချဲ့တည်ဆောက်မည်ဆိုပါက အိမ်ကွင်းအဖြစ် ဝင်ဘလေကွင်းကို ယာယီအသုံးပြုရန် စီစဉ်ထားသည်။

လက်ရှိတွင် ပရိသတ် ၆၀၇၀၄ ဦး ဝင်ဆံ့သည့် အာဆင်နယ်အသင်း၏အမ်းမရိတ်ကွင်းသည် အင်္ဂလန်နိုင်ငံ၏ ပဉ္စမအကြီးမားဆုံးကွင်းအဖြစ် တည်ရှိနေပြီး မန်ယူအသင်း၏ ပရိသတ် ၇၅၆၃၅ ဦး ဝင်ဆံ့သည့် အိုးထရတ်ဖို့ဒ်ကွင်းသည် အကြီးမားဆုံးကွင်းအဖြစ် တည်ရှိနေကာ စပါးအသင်း၏ကွင်းက ပရိသတ် ၆၂၈၅၀ ဦး၊ ဝက်စ်ဟမ်းအသင်း၏ကွင်းက ပရိသတ် ၆၂၅၀၀ ဦး၊ လီဗာပူးအသင်း၏ကွင်းက ပရိသတ် ၆၁၂၇၆ ဦး အသီးသီးဝင်ဆံ့ကြောင်း သိရသည်။

*Ref; Fotmob*

# အယ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်ဒို ဘောလုံးအားကစားသမိုင်းတွင် ပထမဆုံးဘီလျံနာဖြစ်လာကြောင်း ဈေးကွက်မီဒီယာ Bloomberg က ရေးသားဖော်ပြ



**ရီယက် အောက်တိုဘာ ၉**

အယ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်ဒိုသည် ဘောလုံးအားကစားသမိုင်းတွင် ပထမဆုံးဘီလျံနာဖြစ်လာကြောင်း ဈေးကွက်မီဒီယာ Bloomberg က ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

ပေါ်တူဂီလက်ရွေးစင်အသင်းခေါင်းဆောင် တိုက်စစ်မှူး စီရော်နယ်ဒိုအား ဆော်ဒီကလပ် အယ်နာဆာအသင်းက ၂၀၂၇ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့် ၎င်း၏ကြွယ်ဝချမ်းသာမှုမှာ ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ရှိသွားခဲ့သည့်အတွက် နာမည်ကျော် ဈေးကွက်မီဒီယာတစ်ခုဖြစ်သည့် Bloomberg က ပထမဆုံးဘီလျံနာဘောလုံးသမားဖြစ်လာခဲ့သည်ဟု ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

အသက် ၄၀ အရွယ် တိုက်စစ်မှူး စီရော်နယ်ဒိုသည် အယ်နာဆာအသင်းသို့ မပြောင်းရွှေ့မီ ၂၀၀၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ၎င်းရရှိခဲ့သည့် စုစုပေါင်းဝင်ငွေမှာ ဒေါ်လာသန်း ၅၅၀ ရှိသကဲ့သို့ ယင်းကာလအတွင်း Nike နှင့် စပွန်ဆာစာချုပ်မှ တစ်နှစ်လျှင် ဒေါ်လာ ၁၈ သန်းခန့်ရရှိနေကာ ဆော်ဒီကလပ် အယ်နာဆာအသင်းသို့ တစ်နှစ်လုပ်ခ ပေါင် ၁၇၇ သန်းဖြင့် ပြောင်းရွှေ့လာခဲ့ပြီးနောက် ဘောလုံးသမိုင်းတွင် လုပ်ခလစာအများဆုံးရရှိသည့် ကစားသမားဖြစ်လာခဲ့သည်။

ထို့ပြင် အယ်နာဆာအသင်းက ၂၀၂၅ ခုနှစ် ဇွန်လတွင် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် စီရော်နယ်ဒိုကို ၂၀၂၇ ခုနှစ်အထိ နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ခြင်းကြောင့် ၎င်းအနေဖြင့် အမေရိကန်ဒေါ်လာသန်း ၄၀၀ ရရှိမည်ဖြစ်သည့်အပြင် စပွန်ဆာစာချုပ်များမှလည်း ဝင်ငွေများစွာရရှိမည်ဖြစ်သည်။

တိုက်စစ်မှူးစီရော်နယ်ဒို၏ လက်ရှိ အသားတင်ချမ်းသာကြွယ်ဝမှုသည် ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရှိနေပြီဖြစ်ကြောင်း ဈေးကွက်မီဒီယာ Bloomberg က ရေးသားဖော်ပြခဲ့သည်။

နာမည်ကျော်ဈေးကွက်မီဒီယာ Bloomberg သည် ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်များ၏ လက်ရှိချမ်းသာကြွယ်ဝမှုနှင့် နောင်ရရှိလာမည့်ဝင်ငွေများကို တွက်ချက်ကာ ဖော်ပြခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စီရော်နယ်ဒိုသည် ပေါ်တူဂီလက်ရွေးစင်အသင်းအတွက် ၂၂ နှစ်တာကာလအတွင်း စွမ်းဆောင်ပေးခဲ့မှုများအတွက် ပေါ်တူဂီလိဂ်က ရွေးချယ်သည့်ဂုဏ်ပြုဆုကို ချီးမြှင့်ခြင်းခံခဲ့ရပြီးနောက် ၎င်းအနေဖြင့် ကစားသမားဘဝမှ အနားယူမည်မဟုတ်သေးကြောင်းနှင့်သွင်းဂိုး ၁၀၀၀ ပြည့်သွင်းယူနိုင်ရန် ဆက်လက်ကြိုးစားကစားမည်ဖြစ်ကြောင်း သိရသည်။

*Ref; Goal.com*

# ပွဲကစားခွင့်ပျောက်ဆုံးမည်ဆိုပါက အသင်းမှထွက်ခွာရန် မန်ယူအသင်းကစားသမားဇက်ဇီ အသင့်ရှိနေ

**မန်ချက်စတာ အောက်တိုဘာ ၉**

မန်ယူအသင်းတိုက်စစ်ကစားသမား ဇက်ဇီသည် ပွဲကစားခွင့်ပျောက်ဆုံးမည်ဆိုပါက လာမည့်နှစ် ဇန်နဝါရီလတွင် အသင်းမှထွက်ခွာရန် အသင့်ရှိနေကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ် ဇက်ဇီသည် ၂၀၂၃ ခုနှစ်တွင် အီတလီကလပ် ဘိုလော့ဂ်နာအသင်းမှ ပေါင် ၄၃ သန်းဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ပုံမှန်ပွဲကစားခွင့်ရရှိကာ ပြိုင်ပွဲစုံပွဲပေါင်း ၄၉ ပွဲအထိ ပါဝင်ကစားခဲ့သည်။

သို့သော် ယခုဘောလုံးရာသီတွင် မန်ယူအသင်းအတွက် ပွဲထွက်ကစားခွင့်မရရှိသေးဘဲ လူစားဝင်ကစားသမားအဖြစ် သုံးပွဲသာ ပါဝင်ကစားခဲ့ရကာ နယ်သာလန်လက်ရွေးစင်အသင်းတွင်လည်း ကစားသမားစာရင်းမှ ချန်လှပ်ခြင်းခံခဲ့ရသည်။

ထို့ကြောင့် ဇက်ဇီသည် ၂၀၂၆ ခုနှစ်တွင် ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ လက်ရွေးစင်အသင်းနှင့်အတူ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိနိုင်ရန် ၎င်းအနေဖြင့် ယခုဘောလုံးရာသီတွင် ပွဲထွက်ကစားခွင့်နှင့်အတူ ခြေစွမ်းပြကစားနိုင်ရန်လိုအပ်နေပြီဖြစ်ရာ အကယ်၍ ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့မည်ဆိုပါက လာမည့်နှစ် ဇန်နဝါရီလတွင် အသင်းမှထွက်ခွာရန် အသင့်ရှိနေခြင်းဖြစ်သည်။

လက်ရှိတွင် မန်ယူအသင်းနည်းပြ အမိုရင်က တိုက်စစ်ပိုင်းတွင် ရှက်ရှ်ကို၊ အမ်ဘူမို၊ ကူညာတို့ကို ဦးစားပေးအသုံးပြုနေခြင်းကြောင့် ဇက်ဇီအနေဖြင့် ခြေစွမ်းပြကစားနိုင်ရန် ရှန်းကန်ရဖွယ်ရှိနေပြီး မန်ယူအသင်းနှင့်ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သက်တမ်းမှာလည်း ၂၀၂၉ ခုနှစ်အထိ ကျန်ရှိနေကာ ၎င်းကို စီးရီးအေကလပ်အသင်းများဖြစ်ကြသည့် ကိုမိုနှင့် ဂျူဗင်တပ်စ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

*Ref; Fabrizio Romano*

# အင်္ဂလန်အသင်းအတွက် ရွေးချယ်ခံရမှုသည် ထိုက်တန်မှုရှိကြောင်း ဟန်ဒါဆန်ပြောကြား

**လန်ဒန် အောက်တိုဘာ ၉**

ဘရန့်ဖို့ဒ်အသင်းကွင်းလယ်ကစားသမား ဟန်ဒါဆန်က အင်္ဂလန်အသင်းအတွက် ရွေးချယ်ခံရမှုသည် ထိုက်တန်မှုရှိကြောင်း ပြောကြားသည်။

အသက် ၃၅ နှစ်အရွယ် ကွင်းလယ်ကစားသမား ဟန်ဒါဆန်သည် အင်္ဂလန်အသင်းယှဉ်ပြိုင်ကစားမည့် ဝေးလ်အသင်းနှင့် ခြေစမ်းပွဲ၊ လတ်ဗီးယားအသင်းနှင့်ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အတွက် ရွေးချယ်ထားသည့်ကစားသမားစာရင်း၌ ပါဝင်ခဲ့သည်။

ဟန်ဒါဆန်သည် အသင်းဟောင်းလီဗာပူးတွင် ပွဲပေါင်း ၅၀၀ ခန့် ကစားခဲ့ရသူဖြစ်ပြီး ၂၀၂၃ ခုနှစ်က ဆော်ဒီကလပ် အယ်အက်တီဖတ်အသင်းသို့လည်းကောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလက နယ်သာလန်ကလပ် အေဂျက်စ်အသင်းသို့လည်းကောင်း ပြောင်းရွှေ့ကစားခဲ့ပြီး ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလက ပရီးမီးယားလိဂ်ကလပ် ဘရန့်ဖို့ဒ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ဟန်ဒါဆန်အနေဖြင့် အယ်အက်တီဖတ်အသင်းနှင့် အေဂျက်စ်အသင်းတို့တွင် ကစားနေစဉ်အတွင်း အင်္ဂလန်အသင်း၏ ယူရို ၂၀၂၄ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်လွဲချော်ခဲ့ရပြီး အဆိုပါကာလသည် ကစားသမားဘဝတွင် အခက်ခဲဆုံးဖြစ်ခဲ့ကြောင်းနှင့် ယခုအခါ ၎င်း၏ ခြေစွမ်းက အင်္ဂလန်အသင်းအတွက် ရွေးချယ်ခံရမှုရှိစေရန် ထိုက်တန်ကြောင်း ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား ဟန်ဒါဆန်က "ကျွန်တော် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ဘာလုပ်နိုင်သလဲဆိုတာ ပြီးခဲ့တဲ့နှစ်တွေမှာ ပြသခဲ့ပြီးပါပြီ။ ကျွန်တော် အခုအချိန်ထိ ထိပ်တန်းအဆင့်မှာ ကစားနေတုန်းပါ။ လူတွေက ကြိုက်တာကို တွေးတောနိုင်ကြပါတယ်။ အရေးကြီးဆုံးက ကျွန်တော် ပိုကောင်းတဲ့သူ၊ အသင်းဖော်တွေကို ကူညီနိုင်အောင် ကြိုးစားနေတဲ့သူပါ"ဟု ပြောသည်။

*Ref; Fotmob*

## တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူးလျှောက်လွှာခေါ်ယူခြင်းအား ထပ်မံရက်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

၁။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ ကော်မရှင်အဖွဲ့ခွဲရုံးများတွင်လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးလျှောက်လွှာတင်သွင်းခြင်း နောက်ဆုံးရက်ကို ၁၀-၁၀-၂၀၂၅ ရက်(အစား)၁၇-၁၀-၂၀၂၅ ရက်အထိ ထပ်မံတိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုရမည့်ရက်ကို မူလသတ်မှတ်ထားသည့် ၁၉-၁၀-၂၀၂၅ ရက်နေ့တွင်ပြုလုပ်သွားမည်ဖြစ်၍ နီးစပ်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် လျှောက်ထားနိုင်ကြောင်းနှင့် လျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရုံးအမှတ်(၂၂)၊ နေပြည်တော် (ဖုန်း ၀၆၇-၃၄၀၄၂၂၃၊ ၀၆၇-၃၄၀၄၂၀၈)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ဗဟိုဆေးသိုလှောင်ရုံ(ရန်ကုန်)နှင့် နေပြည်တော်ဆေးသိုလှောင်ရုံတို့မှ ဆေးနှင့်ဆေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ပုံနှိပ်ပစ္စည်းများအား တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် (၁)နှစ်တာကာလ ငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များ အနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | – | Tender.8.Transport($2^{nd}$)(2025–2026) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | – | ၁၄-၁၀-၂၀၂၅ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | – | ၂၃-၁၀-၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
### တင်ဒါအမှတ်စဉ်[၂(လင)/၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်]

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ (၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်)တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်းအထူးအဖွဲ့(၁၉)နှင့် တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေများဖြင့်ဆောင်ရွက်မည့် စစ်ကိုင်းခရိုင်တို့မှ လမ်း-တံတား တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် | - | (၂၃-၁၀-၂၀၂၅) (ရုံးချိန်အတွင်း) |
| (ခ) | အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက် | - | (၃-၁၁-၂၀၂၅) ညနေ(၁၆:၀၀)နာရီထိ |
| (ဂ) | တင်ဒါအာမခံကြေး(PO Cheque) မူရင်းများအားနောက်ဆုံးထား၍ တင်သွင်းရမည့်ရက်/အချိန် | - | (၅-၁၁-၂၀၂၅) ညနေ(၁၆:၀၀)နာရီထိ |
| (ဃ) | အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာနှင့်နေ့ရက် | - | ထပ်မံကြေညာပါမည်။ |
| (င) | အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့်နေရာနှင့်နေ့ရက် | - | ထပ်မံကြေညာပါမည်။ |

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ် ၀၉-၄၀၀၄၀၆၀၉၄ သို့ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**

### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
### တင်ဒါအမှတ်စဉ်[၂(ပစ)/၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်]

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ (၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်)တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေများဖြင့် စစ်ကိုင်းခရိုင်အတွင်းဆောင်ရွက်မည့် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် | - | (၂၃-၁၀-၂၀၂၅) (ရုံးချိန်အတွင်း) |
| (ခ) | အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက် | - | (၃-၁၁-၂၀၂၅) ညနေ(၁၆:၀၀)နာရီထိ |
| (ဂ) | တင်ဒါအာမခံကြေး(PO Cheque) မူရင်းများအားနောက်ဆုံးထား၍ တင်သွင်းရမည့်ရက်/အချိန် | - | (၅-၁၁-၂၀၂၅) ညနေ(၁၆:၀၀)နာရီထိ |
| (ဃ) | အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာနှင့်နေ့ရက် | - | ထပ်မံကြေညာပါမည်။ |
| (င) | အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့်နေရာနှင့်နေ့ရက် | - | ထပ်မံကြေညာပါမည်။ |

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ် ၀၉-၄၀၀၄၀၆၀၉၄ သို့ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**

### အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မုပွန်ရပ်ကွက်၊ တိုးချဲ့(၁)လမ်း၊ အမှတ်(၂၁)နေ အဘ ဦးဝင်းမင်းလတ်၏သမီးဖြစ်သူ ဒေါ်ဆည်းလည်းဆု ၁၀/ရမန(နိုင်)၁၅၈၄၉၇ ကိုင်ဆောင်သူမှ အများသိစေရန် ကြေညာအပ်ပါသည်။ ဦးမျိုးထွန်း ၆/သရခ(နိုင်) ၀၃၈၉၃၈ ကိုင်ဆောင်သူနှင့် ဒေါ်ဆည်းလည်းဆု ၁၀/ရမန(နိုင်)၁၅၈၄၉၇ ကိုင်ဆောင်သူတို့သည် ၂၅-၅-၂၀၂၅ ရက်စွဲပါ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ဖြင့် နှစ်ဦးသဘောတူတရားဝင် ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ရာ ဦးမျိုးထွန်းနှင့် ဒေါ်ဆည်းလည်းဆုတို့သည် မည်သို့မျှပတ်သက်စပ်ဆိုင်မှုမရှိတော့ကြောင်းနှင့် ဦးမျိုးထွန်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမှ ဒေါ်ဆည်းလည်းဆုအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဆည်းလည်းဆု**
**၁၀/ရမန(နိုင်)၁၅၈၄၉၇**
**မုပွန်ရပ်ကွက်၊ မော်လမြိုင်မြို့**

### ကုမ္ပဏီ၏မန်နေးဂျင်းဒါရိုက်တာပြောင်းလဲခြင်း

ကျွန်မတို့၏ Hnin Pwint International Tours Limited ကုမ္ပဏီမှတ်ပုံတင် အမှတ်-၁၀၈၄၉၇၆၁၀(၁၃-၇-၁၉၉၃)သည် (၂၂-၈-၂၀၂၅)ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ယခင်မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဦးငြိမ်းအေးမှ ဒေါ်သန်းသန်းဦးသို့ မန်နေးဂျင်းဒါရိုက်တာအဖြစ် ပြောင်းလဲခန့်အပ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA)တွင် ပြန်လည်မှတ်ပုံတင်ပြီးပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မန်နေးဂျင်းဒါရိုက်တာ**
**ဒေါ်သန်းသန်းဦး**
**၀၉-၅၁၆၂၀၂၄**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ အလကရွေးကုန်းတွင် တာဝန်ထမ်းဆောင်နေသော ဒေါ်သင်းယုအောင် ၁၄/ပသရ(နိုင်)၀၈၄၃၂၉ ၏ ဖခင် ဦးဆန်းအောင်(ခ)ဦးစန်းအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဆန်းအောင်(ခ)ဦးစန်းအောင်**

### ပျောက်ဆုံးကြောင်း

အရာတော်မြို့နယ်၊ ချင်ပင်အုပ်စု၊ ချင်ပင်ရွာနေ မချိုမာလင်း(ဘ)ဦးကျော်မိုး ၅/အရတ(နိုင်)၁၅၇၄၃၄ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၉၂၃၇၀၅၀

### ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ ဇိုင်းမြောက်ရပ်ကွက်နေ သိန်းဇော်ဌေး(ဘ)ဦးအောင်နိုင် ၇/ပခန(နိုင်)၃၄၅၆၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၁၂၇၀၀၉

### ပျောက်ဆုံးကြောင်း

တောင်ငူမြို့နေ ဇင်ဝင်းထွဋ်(ဘ)ဦးတင်ဝင်း ၇/တငန(နိုင်)၁၄၁၉၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 085335)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယိကာမကြီး
## ဒေါ်ထွေးလေး
## အသက်(၇၉)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဒေါက်တာအောင်ဇေယျ(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)-ဒေါ်ဆွေဇင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ မဇာဝီလမ်းမကြီးနေ (ဦးစိုးသက်ခိုင်)၊ ဦးသီဟစိုး-ဒေါ်ဖြိုးမို့မို့သိမ့်၊ ဦးကျော်သူရ-ဒေါ်ချောစုဝင်းနိုင်၊ ဒေါ်မျိုးဇင်သွဲ့၊ ဦးလင်းဟိန်းဇော်တို့၏မိခင်၊ မြေး(၄)ယောက်တို့၏ချစ်လှစွာသောအဘွား၊ (ဦးစိန်လှ(သိပ္ပံစိုးမြင့်နိုင်))၏ ချစ်လှစွာသောဇနီး ဒေါ်ထွေးလေးသည် ၈-၁၀-၂၀၂၅ (ဗုဒ္ဓဟူးနေ့)ည ၉:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၀-၁၀-၂၀၂၅ (သောကြာနေ့)နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ကောင်းမွန်စွာပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၀-၂၀၂၅ ရက်(အင်္ဂါနေ့)နံနက် ၇:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ မဇာဝီလမ်းမကြီးနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အမှတ်(၁၀၃၇)၊ ကရပ်ပြင်မြောက်ရပ်၊ ရွှေတောင်စားလမ်းနေ မောင်တင်ဦး(ဘ) ဦးထူးမြင့် ၆/ထဝန(နိုင်)၀၀၇၁၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(719709)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၂၁၉၂၅၃

**သစ်တောမှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပင်တိုင်အုပ်စု၊ ဂုံပင်ကျေးရွာနေ မိခင်ဖြစ်သူ ဒေါ်မိုးမိုးစံ၏သမီး မခိုင်မီမီဇော် ၈/တတက(နိုင်) ၂၇၇၉၈၇ သည် မိခင်၏ပြောဆိုဆုံးမမှုတို့ကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှ မိမိဆန္ဒအလျောက်ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်မည်သည့်ကိစ္စရပ်ကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**မိခင် ဒေါ်မိုးမိုးစံ**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကျခတ်ကန် အ.လ.က Grade-6 (သင်ဆဲ)ကျောင်းဝင် အမှတ် ၀၀၇၈ မောင်ခွဲမောင်မောင်၏ဖခင် ဦးဖိုးတုပ်၏အမည်မှန်မှာ ဦးသောင်းညွန့် ၈/တတက(နိုင်) ၁၁၈၄၉၀ ဖြစ်ပါကြောင်း။

**ဦးသောင်းညွန့်**

### ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နေ မောင်မင်းသန့်ဇင်(ဘ)ဦးမောင်မောင်ထင်း ၉/မထလ(နိုင်)၂၆၇၉၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 738821)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄


Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အားကောင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
ပါရမီ(YBS) 09-459448201
ရွှေမန်းသူ 09-254781060
မန္တလေးအခြေစိုက် 09-426500153
တော်ဝင် 09-423333250
ပါရမီတက္ကစီ 01-3643641
ကုန်စည် 09-440619258
အားကောင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Services
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
MIR Card POS Services / MIR Card Cashout (MMK) Via POS
Mobile Banking and Internet Banking Services
Foreign Banking Services with Russian Banks
" စိတ်ချရတာ မြဝတီဘဏ် "
Phone No : (01) 2301367, 2301368, 2301452, 2301378

❖ မိမိတို့၏ မိတ်ဖက်များကို တိုးချဲ့ဆက်ဆံရာတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မည့် အစီအမံများ ချမှတ်နိုင်ရန်လို...

❖ စီးပွားရေးအရ၊ လုံခြုံရေးအရနှင့် နည်းပညာအရဆိုသည့် မတူညီသောနယ်ပယ်အသီးသီးတွင် လိုက်ဖက်ညီအောင် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်...

❖ အထူးသဖြင့် စီးပွားရေးအပိုင်းတွင်လည်း မိမိတို့အားလုံးသည် ပြောင်းလဲလာနေသည့် ကမ္ဘာ့အစီအစဉ်သစ် (New World Order)နှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများလုပ်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာ

မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို မဲဆန္ဒရှင်ပြည်သူများ စိစစ်ကြည့်ရှုနိုင်ရန်အတွက် ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့ထိ (၁၄) ရက်ကြာ ကပ်ထားကြေညာလျက်ရှိပါသည်။

၂။ မဲစာရင်းများပြည့်စုံမှန်ကန်စေရန်နှင့် မဲဆန္ဒရှင်များက လိုအပ်သည့်တောင်းဆိုလွှာ၊ ကန့်ကွက်လွှာ၊ ပြင်ဆင်လွှာများတင်ပြရာတွင် အချိန်ပိုမိုရရှိစေရန်အတွက် မဲစာရင်းကို **၁၄-၁၀-၂၀၂၅** ရက်နေ့မှ **၂၀-၁၀-၂၀၂၅** ရက်နေ့ထိ **(၇)ရက် ထပ်မံတိုးမြှင့်**ကပ်ထားကြေညာသွားမည်ဖြစ်ပါသည်။ **စာမျက်နှာ ၅ ကော်လံ ၃ →**

## မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရောက်ပြည်တွင်းနှင့် ပြည်ပရှိ မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာ

မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရောက် ပြည်တွင်းနှင့်ပြည်ပရှိ မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း
၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် လွှတ်တော်မဲဆန္ဒနယ်အသီးသီးအတွက် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်၏ ပြင်ပတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ရက်တိုးမြှင့်သတ်မှတ်ကြောင်း အသိပေးကြေညာအပ်ပါသည် -

(က) သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံ အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို မြို့နယ်အလိုက် ပြုစုထားသည့် **စာမျက်နှာ ၉ ကော်လံ ၁ ⇨**

## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အလေးမအားကစားသမားများ အပြီးသတ်ရွေးချယ်ရေးပြိုင်ပွဲနှင့် (Youth Camp)မှ လူငယ်အလေးမအားကစားသမားများ စံချိန်ဆန်းစစ်ပြိုင်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အလေးမအားကစားသမားများ အပြီးသတ်ရွေးချယ်ရေးပြိုင်ပွဲနှင့် (Youth Camp)မှ လူငယ်အလေးမအားကစားသမားများ စံချိန်ဆန်းစစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်မင်းထက်၊ **စာမျက်နှာ ၁၂ ကော်လံ ၁ ❐**




## Professional and Amateur ဘိလိယက်လက်ရည်စမ်းပြိုင်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၉

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ၌ ဘိလိယက်အားကစားနည်းဖြင့် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သည့် အားကစားသမားများနှင့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဘိလိယက်အားကစားသမား သုံးဦးယှဉ်ပြိုင်သည့် Professional and Amateur ဘိလိယက်လက်ရည်စမ်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ ဘိလိယက်နှင့် စနူကာ အားကစားလေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။ **စာမျက်နှာ ၁၂ ကော်လံ ၄ ●**



**တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

စာ - ၂၆ သို့

